မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်၊ ၂၀၁၁ ခုနှစ်၊ မတ် ၁၃ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၅၀)၊ အမှတ် (၁၆၄)

ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ တေရသမ အစည်းအဝေးကျင်းပ

ရန်ကုန်   မတ်   ၁၂

ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ တေရသမ အစည်းအဝေးကို ယမန်နေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော် အမှူးပြုသော အဖွဲ့ဝင် ဆရာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

သဘာပတိဆရာတော်

အစည်းအဝေးတွင် သဘာပတိဆရာတော်အဖြစ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူး ဆရာတော်အဖြစ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တမာနိတသိရီဘိဝံသက ဆောင်ရွက်တော်မူသည်။

ရှေးဦးစွာ အခမ်းအနားမှူး ဆရာတော်က အစည်းအဝေးစတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေးထမြောက်အောင်မြင်ကြောင်း ကြေညာတော်မူသည်။

စာမျက်နှာ ၃ ကော်လံ ၅ ✻

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- ✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- ✻ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး (၁၉)ကြိမ်မြောက် အလှူငွေပေးအပ်ပွဲကျင်းပ

ယခုအခါ ကျေးရွာပေါင်း ၂၃၂၂၅ ရွာကို ရာနှုန်းပြည့် သန့်ရှင်းသော သောက်သုံးရေရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့
ကျေးရွာတစ်ရွာလျှင် စက်ရေတွင်း တစ်တွင်းမှ နှစ်တွင်း၊ နှစ်တွင်းမှသည် သုံးတွင်းရရှိအောင် ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော်   မတ်   ၁၂

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး (၁၉)ကြိမ်မြောက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့်၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်သိမ်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးစိုးနိုင်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးကိုကိုက ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီးနှင့် ဝန်ထမ်းများက ငွေကျပ် ၅၀ ဒသမ ၆၄ သိန်း၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့က ငွေကျပ် ၁၀ သိန်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ငွေကျပ် သိန်း ၂၀၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ငွေကျပ်ငါးသိန်း၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်းက ငွေကျပ် ၃၅ သိန်း၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်းက *စာမျက်နှာ ၈ ကော်လံ ၁* ●

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့် ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး (၁၉)ကြိမ်မြောက် အလှူငွေပေးအပ်ပွဲတွင် အလှူရှင်များထံမှ အလှူငွေများကို လက်ခံစဉ်။ (သတင်းစဉ်)

နွေမိုးဆောင်းသုံးရာသီစလုံး သီးနှံစိုက်ပျိုး၊ တောင်သူလယ်သမားများဘဝ စည်ပင်ဖွံ့ဖြိုး

> သတင်းဆောင်းပါး – ဝင်းကျော်၊ ကျော်သူဝင်း
> ဓာတ်ပုံမှတ်တမ်း – တင်စိုး (မြန်မာ့အလင်း)

နေပြည်တော်   မတ်   ၁၂

ကျွန်တော်တို့ နေ့စဉ်စားသုံးနေသော အစာအာဟာရများတွင် ထမင်းသည် အဓိကအစားအစာဖြစ်သည်။ ထမင်းအဖြစ်ရရှိစေသည့် စပါးကိုစိုက်ပျိုးသော တောင်သူလယ်သမားများသည် စာရေးသူတို့၏ ကျေးဇူးရှင်များပင်ဖြစ်သည်။

သည့်အတွက် မြန်မာ့အလင်းသတင်းအဖွဲ့သည် နွေစပါးစိုက်ပျိုးနေသည်ဟုကြားသိရသော နေပြည်တော်ခရိုင် ဇေယျာသီရိမြို့နယ် ခေတ်အေးကျေးရွာ *စာမျက်နှာ ၅ ကော်လံ ၁* ❐

မရင်းကြီးကျေးရွာ၌ နွေစပါးစိုက်ပျိုးထားမှုကို ဤသို့တွေ့ခဲ့ရသည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် မတ် ၁၃ ရက်)

မိုးကြိုဂုန်လျှော်၊ ချဉ်ပေါင်လျှော်များ တိုးချဲ့စိုက်ပျိုး

နိုင်ငံတော်၏ စီးပွားရေးကို မြှင့်တင်ရာ၌ စိုက်ပျိုးရေးကိုအခြေခံပြီး အခြားစီးပွားရေးကဏ္ဍများကို ဘက်စုံဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်လျက်ရှိသည်။

စိုက်ပျိုးရေးအတွက်လိုအပ်သော စိုက်ပျိုးရေများကို ဆည်တမံများ၊ ရေထိန်းတံခါးများ၊ မြစ်ရေတင်စီမံကိန်းများ၊ မြေအောက်ရေရရှိရေးစီမံကိန်းများ၊ စက်ရေတွင်းများတူးဖော်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ ထို့အပြင် မြေလွတ်မြေရိုင်းများကို စိုက်ပျိုးမြေများအဖြစ် ဖော်ထုတ်စိုက်ပျိုးခဲ့ရာ ယခင်က စိုက်ပျိုးမြေဧက ၂၃ ဒသမ ၈ သန်း ကျော်ရှိခဲ့ရာမှ ယခုအခါ ဧကပေါင်း ၅၇ သန်းကျော်အထိ တိုးတက်လာခဲ့သည်။

ယခုအချိန်ကာလသည် မိုးကြိုဂုန်လျှော်၊ ချဉ်ပေါင်လျှော် စိုက်ပျိုးရာသီဖြစ်သည့်အလျောက် မိုးကြိုဂုန်လျှော်များကို စတင်စိုက်ပျိုးကြရမည်ဖြစ်သည်။ မိုးကြိုဂုန်လျှော်ကို ဖေဖော်ဝါရီလလယ်မှစပြီး ဧပြီလကုန်အထိ စိုက်ပျိုးနိုင်သည်။ မိုးကြိုချဉ်ပေါင်လျှော်ကို မတ်လလယ်မှစပြီး ဧပြီလကုန်အထိ စိုက်ပျိုးနိုင်ပေသည်။

ဂုန်လျှော်စိုက်ပျိုးရာတွင် ထယ်ရေးညက်ညက်ထွန်ပြီး သဘာဝမြေသြဇာ သို့မဟုတ် ယူရီးယားဓာတ်မြေသြဇာတို့ကို ထည့်သွင်းအသုံးပြု၊ စိုက်ပျိုးကြမှသာ အပင်ရှင်သန်ကြီးထွားနှုန်း ကောင်းမည်ဖြစ်သည်။ စိုက်ပျိုးရေအပြည့်အဝ လိုအပ်သည့်အလျောက် ရေကို ပြည့်ပြည့်ဝဝပေးရမည် ဖြစ်သည်။

စိုက်ပျိုးနည်းစနစ်မှန်ရန် ပိုးမွှားအန္တရာယ်ကင်းရန်တို့အတွက် လိုအပ်သောနည်းပညာများကို လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဂုန်လျှော်နှင့် လျှော်မျှင်များလုပ်ငန်းဌာန၏ ဒေသရုံးများကလည်း အကူအညီပေးလျက်ရှိသည်။

နိုင်ငံတော်မှ မြေလွတ်မြေရိုင်းဧက ၂၆ သန်းကျော်အနက် ဧက ၁၁ ဒသမ ၇ သန်းကို စိုက်ပျိုးမြေအဖြစ်ဖော်ထုတ်၍စိုက်ပျိုးနိုင်ခဲ့ရာ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တောင်သူများအနေဖြင့် ရေမြေသယံဇာတများကို အစွမ်းကုန်ဖော်ထုတ်အသုံးချပြီး မျိုးကောင်းမျိုးသန့်များ၊ စိုက်ပျိုးရေးနည်းပညာများကို အသုံးပြုလျက် မိုးကြိုဂုန်လျှော်နှင့် ချဉ်ပေါင်လျှော်များ တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

လယ်ယာသန်းခေါင်စာရင်းကောက်ယူရေး ပုသိမ်မြို့နယ်၌ ကွင်းဆင်းစစ်ဆေး

ပုသိမ် မတ် ၁၂

၂၀၁၀ ခုနှစ် မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းကို မြေစာရင်းဝန်ထမ်းများက ကွင်းဆင်းကောက်ယူလျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး မြေစာရင်းဦးစီးဌာနမှူး ဦးအောင်တင်မြင့်သည် မတ် ၉ ရက် နံနက်က ပုသိမ်ခရိုင်မြေစာရင်းဦးစီးဌာနမှူး ဦးသိန်းကျော်နှင့် မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးလှဝေတို့နှင့်အတူ ပုသိမ်မြို့နယ် ကိုးဆူကျေးရွာအုပ်စု သဲဂရက်ကျေးရွာနေ တောင်သူ ဦးသန်းထွန်း၏ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းခွင်အတွင်း အိမ်ထောင်စုမေးခွန်းလွှာ၊ သီးနှံစိုက်ပျိုးမှု မေးခွန်းလွှာနှင့် ကျွဲ၊ နွားတိရစ္ဆာန်နှင့် ကြက်၊ ငှက်မွေးမြူမှုအတွက် မေးခွန်းလွှာတို့ကို မေးမြန်းစာရင်းကောက်ယူနေမှုတို့ကို ကွင်းဆင်းကြီးကြပ် ဆောင်ရွက်သည်။ **(အပေါ်ပုံ)**

ဆက်လက်၍ တိုင်းဒေသကြီး မြေစာရင်းဦးစီးဌာနမှူး ဦးအောင်တင်မြင့်နှင့်အဖွဲ့သည် ကိုးဆူကျေးရွာရှိ ဦးဆန်းလွင်၏ မွေးမြူရေးလုပ်ငန်းခွင်နှင့် ကိုးဆူကျေးရွာအုပ်စု ကွင်းအမှတ်(၁၆၇-အေ)အတွင်းရှိ တောင်သူ ဦးဘုန်းကြွယ်၏ စိုက်ပျိုးရေးလုပ်ငန်းခွင်တို့တွင် စာရင်းကောက်နေမှုများကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်မြေစာရင်းဦးစီး)**

ကွင်းဆင်းစစ်ဆေး

အင်္ဂပူမြို့နယ် လယ်ကြီးကွင်းကျေးရွာ နှစ်လက်မစက်ရေတွင်းတူးခြင်း၊ ရေစက်ရုံတည်ဆောက်ခြင်း၊ အုတ်ရေကန်ပြုလုပ်ခြင်းနှင့် အင်ဂျင်စက်တပ်ဆင်ခြင်းလုပ်ငန်းများကို မတ် ၅ ရက်က အမှုဆောင်အရာရှိ ဦးခင်မောင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်မောင်စိုးတို့ ကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ-၄ ဦးကျော်စွာထွန်း ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ပြည်သူ့သဘောထား

- ✻ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✻ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✻ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✻ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း ဆေးရုံတက်လူနာများအား ထောက်ပံ့ငွေပေးအပ်

နေပြည်တော် မတ် ၁၂

ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်းသည် မတ် ၁၀ ရက်က မင်္ဂလာဒုံဆေးရုံကြီးသို့ရောက်ရှိပြီး ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသော လူနာများအား ထောက်ပံ့ငွေများပေးအပ်ကာ ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တောင်ဥက္ကလာပမြို့နယ် နယ်မြေခံတပ်ဖွဲ့စုပေါင်းခန်းမ၌ အရာရှိ/စစ်သည်များနှင့် တွေ့ဆုံ၍ နယ်မြေခံတပ်ဖွဲ့အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြက်ငှက်တုပ်ကွေးကာကွယ်ရေးသင်တန်းဖွင့်

ဖလမ်း မတ် ၁၂

ဖလမ်းခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး ဆင့်ပွားသင်တန်းနှင့် ကျေးလက်တိရစ္ဆာန် ကျန်းမာရေးလုပ်သားများ တိရစ္ဆာန်ရောဂါကာကွယ်ထိန်းချုပ်ရေး အခြေခံသင်တန်းများကို ဖလမ်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၁၀ နာရီက ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဦးခင်ဝင်းက အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

သင်ကြားပို့ချ

အဆိုပါသင်တန်းတွင် ဖလမ်းခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ ခင်မောင်ဦးက ဇီဝလုံခြုံမှုဆိုင်ရာများကိုလည်းကောင်း၊ မြို့နယ်ဦးစီးမှူး ဦးရွှေအောင်က တိရစ္ဆာန်များတွင်ဖြစ်ပွားတတ်သော ရောဂါများအကြောင်းကိုလည်းကောင်း သင်ကြားပို့ချခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် မွေး/ကု)**

ယာဉ်စည်းကမ်း လမ်းစည်းကမ်း ဖန်းဆော်၌ ဟောပြော

ဖန်းဆော် မတ် ၁၂

ဖန်းဆော်မြို့ နည်းပညာတက္ကသိုလ်၌ မတ် ၃ ရက် နံနက် ၁၀ နာရီက ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံးမှ ဦးမြင့်အောင် (ခရိုင်ဦးစီးမှူး)က ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် လမ်းအသုံးပြုသူများ လိုက်နာရမည့် စည်းကမ်းများကို ဟောပြောဆွေးနွေးခဲ့ကြောင်းသိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

မြန်ပြည်တစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်

မြောက်ဥက္ကလာပမြို့နယ် အမက(၈)၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် မူလတန်းအဆင့် ပညာသင်ယူ ပြီးမြောက်ခြင်း လက်မှတ်ပေးအပ်ပွဲကို အဆိုပါကျောင်း ငမိုးရိပ်ခန်းမဆောင်၌ ကျင်းပရာ စတုတ္ထတန်းကျောင်းသူ မရွှေရည်ဝင်း(၁)အား ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်မူက သင်ယူပြီးမြောက်ခြင်းလက်မှတ် ချီးမြှင့်စဉ်။ (ပညာရေး)

အထက (၂)လမ်းမတော် မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁၂

အထက (၂)လမ်းမတော် ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၂)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို မတ် ၂၀ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဝါးတန်းလမ်းရှိ ပန်ဒါဟိုတယ်၌ ကျင်းပမည်ဖြစ်ရာ ကန်တော့ခံ ဆရာ ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများတက်ရောက်ကြရန်နှင့် အလှူငွေများကို အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းသန်းညွန့် ဖုန်း-၀၉-၈၅၁၆၁၉၉၊ ၂၂၈၁၀၄၊ ဒုတိယဥက္ကဋ္ဌ ဦးကံကောင်း ဖုန်း-၀၉-၉၉၂၃၅၂၈၊ အတွင်းရေးမှူး ဦးစိန်ဝင်း ဖုန်း-၀၉-၅၁၃၉၀၈၉၊ တွဲဖက်အတွင်းရေးမှူး ဒေါ်ကြည်ကြည်ဝင်း ဖုန်း-၀၉-၅၁၃၉၀၈၉၊ ဘဏ္ဍာရေးမှူး ဦးကြင်စိန် ဖုန်း-၀၉-၈၆၁၀၈၉၈၊ ၀၉-၈၀၃၀၂၆၁နှင့် တွဲဖက်ဘဏ္ဍာရေးမှူး ဒေါ်လှလှဝင်းတို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ တေရသမ အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

သံဃာစည်းလုံးညီညွတ်ရေးပျက်ပြားဖွယ် ပြုလုပ်ပြောဆိုဆောင်ရွက်မှုတို့ကိုရှောင်ကြဉ် သံဃာတော်တို့က ပေးအပ်သောအဓိကတာဝန်ကြီးလေးရပ်ကို အတတ်နိုင်ဆုံးဆောင်ရွက်

နေပြည်တော် မတ် ၁၂

ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ တေရသမ အစည်းအဝေး၌ သဘာပတိ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဇန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ မြွက်ကြားတော်မူသော ဩဝါဒကထာမှာ အောက်ပါအတိုင်းဖြစ်သည်-

ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ တေရသမ အစည်းအဝေးသို့ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို အလေးအနက်ထားကာ ကြွရောက်တော်မူလာကြပါကုန်သော နိုင်ငံတော် သံဃမဟာနာယက ဆရာတော်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းချမ်းမြေ့ပါစေကြောင်း မေတ္တာပုဗ္ဗင်္ဂမအာသီသပတ္ထနာဖြင့် နှုတ်ခွန်းဆက်သပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား-

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီး၏ မူလအခြေခံသည် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ကြီး ဖြစ်ပါသည်။ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ကြီး၏ မူလအခြေခံသည် သံဃသမ္မုတိရသံဃာ့ကိုယ်စားလှယ်ဆရာတော်များဖြစ်ပါသည်။ သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်ဆရာတော်များ၏ မူလအခြေခံသည် ပြည်ထောင်စုမြန်မာနိုင်ငံတော် တစ်ဝန်းလုံးရှိ ငါးသိန်းကျော်ခန့်မျှသော ဂိုဏ်းပေါင်းစုံသံဃာတော်အပေါင်းပင်ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ဆောင်ရွက်အပ်သော သာသနာရေးကိစ္စဟူသမျှသည် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ကြီးက ကျေနပ်နှစ်သက်လက်ခံနိုင်သော ဆောင်ရွက်ချက်များ ဖြစ်ရပါမည်။ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ကြီးက ကျေနပ်နှစ်သက်လက်ခံနိုင်သော ဆောင်ရွက်ချက်များဖြစ်ပါက သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ် ဆရာတော်အများစုက ကျေနပ်နှစ်သက် လက်ခံနိုင်သော ဆောင်ရွက်ချက်များ ဖြစ်တော့သည့်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော် တစ်ဝန်းလုံးရှိ ဂိုဏ်းပေါင်းစုံသံဃာအများစုက ကျေနပ် နှစ်သက်လက်ခံနိုင်သော ဆောင်ရွက်ချက်များ ဖြစ်ပါတော့သည်ဘုရား။

သို့ဖြစ်၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီးသည် မိမိတို့အဖွဲ့ကြီးက ဆောင်ရွက်အပ်သော သာသနာတော်၏ ကိစ္စဟူသမျှကို ပြည်ထောင်စုမြန်မာနိုင်ငံတော်တစ်ဝန်းလုံးရှိ ဂိုဏ်းပေါင်းစုံသံဃာအများစုက ကျေနပ်နှစ်သက်လက်ခံနိုင်သော ဆောင်ရွက်ချက်များဖြစ်အောင် သတိသမ္ပဇဉ်တရားလက်ကိုင်ထားလျက် လေးလေးစားစား ဆောင်ရွက်သင့်ပါသည်ဘုရား။ ယင်းကဲ့သို့ ဂိုဏ်းပေါင်းစုံသံဃာအများစုက ကျေနပ်နှစ်သက် လက်ခံနိုင်စေရန်အတွက် အရေးကြီးသော သာသနာတော်ကိစ္စများကို ဆောင်ရွက်ကြရာဝယ် မူလအခြေခံဖြစ်သော နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များ၏ အကြံဉာဏ်များကို ရယူခြင်း၊ ဆွေးနွေးညှိနှိုင်းတိုင်ပင်ခြင်းတို့ဖြင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ၏ အင်အားကိုလည်း ရယူသင့်ပါကြောင်း လျှောက်ထားအပ်ပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား-

ဘုရားတပည့်တော်တို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီး၏ အဓိကကျသောလုပ်ငန်းတာဝန်မှာ သာသနာတော် သန့်ရှင်း၊ တည်တံ့၊ ပြန့်ပွားရေးနှင့် သံဃာစည်းလုံးညီညွတ်ရေးပင်ဖြစ်ပါသည်။ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများ ပြင်ဆင်ဖြည့်စွက်ချက် အခန်း(၁၇) နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ လုပ်ငန်းတာဝန်များ အပိုဒ်(၁၁၀) အပိုဒ်ခွဲ(က)၌ **“သာသနာတော် သန့်ရှင်း တည်တံ့ပြန့်ပွားရေးနှင့် သံဃာစည်းလုံးညီညွတ်ရေးကို တာဝန်ယူဆောင်ရွက်ရမည်”** ဟု ပြဋ္ဌာန်းထားပါသည်ဘုရား။

ထို့ကြောင့် နိုင်ငံတော်သံဃမဟာနာယကဆရာတော်များသည် မိမိတို့တာဝန်ယူဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များဖြစ်သည့် သာသနာတော်သန့်ရှင်းရေး၊ သာသနာတော်တည်တံ့ရေး၊ သာသနာတော်ပြန့်ပွားရေးနှင့် သံဃာစည်းလုံးညီညွတ်ရေးဟူသော အရေးကိစ္စများကို မျက်ခြည်ပြတ်မခံဘဲ မိမိတို့ကိုယ်တိုင် သဒ္ဓမ္မသုံးဖြာ သာသနာတော်၌ သီလစသော ဂုဏ်တို့ဖြင့် သန့်ရှင်းတည်တံ့ ပြန့်ပွားခြင်းသို့ ရောက်နေအောင် ကျင့်ဆောင်ကြမှသာ သဒ္ဓမ္မသုံးဖြာ သာသနာတော်မြတ်ကြီးလည်း သန့်ရှင်းတည်တံ့ပြန့်ပွားခြင်းသို့ ရောက်နိုင်မည်ဖြစ်ပါသည်ဘုရား။

မြတ်စွာဘုရားရှင်သည်-

အင်္ဂုတ္တနိကာယ်၊ ပဉ္စကနိပါတ်၊ သေခဗလဝဂ်၊ ပထမ အဂါရဝသုတ် ဒုတိယအဂါရဝသုတ်တော်များ၌-

“ပဉ္စဟိ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော ဘိက္ခု အဂါရဝေါ အပ္ပတိဿော စဝတိ နပ္ပတိဋ္ဌာတိ သဒ္ဓမ္မေ”စသည်ဖြင့်လည်းကောင်း၊ **“ပဉ္စဟိ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော ဘိက္ခု အဂါရဝေါ အပ္ပတိဿော အာဘဗ္ဗော ဣမသ္မိံ ဓမ္မ ဝိနယေ ဝုဒ္ဓိံ ဝိရူဠှိံ ဝေပုလ္လံ အာပဇ္ဇိတုံ”**စသည်ဖြင့်လည်းကောင်း ဟောကြားတော်မူခဲ့ပါသည်။

ဤသုတ်တော်များ၏ အဓိပ္ပာယ်အကျဉ်းမှာ-

“သဒ္ဓါ၊ ဟိရီ၊ ဩတ္တပ္ပ၊ ဝီရိယ၊ ပညာမရှိဘဲ ရိုသေလေးစားထိုက်သော ပုဂ္ဂိုလ်တို့အပေါ်၌ ရိုသေလေးစားခြင်း၊ အလေးဂရုပြုထိုက်သော ပုဂ္ဂိုလ်တို့၏ အဆုံးအမ အဆိုအမိန့်စကားကို လေးစားနာယူခြင်းမရှိသော ရဟန်းသည် သဒ္ဓမ္မသုံးဖြာ သာသနာတော်၌ သီလစသော ဂုဏ်တို့မှ လျောကြ၏၊ သီလစသောဂုဏ်တို့၌ မတည်မြဲနိုင်၊ ဓမ္မဝိနယတည်းဟူသော သာသနာတော်၌ သီလစသည်ဖြင့် ကြီးပွားခြင်း၊ စည်ပင်ခြင်း၊ ပြန့်ပွားခြင်းသို့ ရောက်ရန်မထိုက်တန်” “သဒ္ဓါ၊ ဟိရီ၊ ဩတ္တပ္ပ၊ ဝီရိယ၊ ပညာမရှိဘဲ ရိုသေလေးစားထိုက်သော ပုဂ္ဂိုလ်တို့အပေါ်၌ ရိုသေလေးစားခြင်း၊ အလေးဂရုပြုထိုက်သော ပုဂ္ဂိုလ်တို့၏ အဆုံးအမ အဆိုအမိန့်စကားကို လေးစားနာယူခြင်းရှိသော ရဟန်းသည် သဒ္ဓမ္မသုံးဖြာ သာသနာတော်၌ သီလစသော ဂုဏ်တို့မှ မလျောကြနိုင်၊ သီလ စသောဂုဏ်တို့၌ တည်မြဲနိုင်၏၊ ဓမ္မဝိနယတည်းဟူသော သာသနာတော်၌ သီလစသည်ဖြင့် ကြီးပွားခြင်း၊ စည်ပင်ခြင်း၊ ပြန့်ပွားခြင်းသို့ ရောက်ရန်ထိုက်တန်၏”ဟု ဆိုလိုပါသည်ဘုရား။

ဆရာတော်အရှင်သူမြတ်တို့ဘုရား-

ရဟန်းတော်များ သီလစသောဂုဏ်တို့၌ မသန့်ရှင်းလျှင်၊ မတည်မြဲလျှင် သဒ္ဓမ္မသုံးဖြာ သာသနာတော်မြတ်ကြီးလည်း သန့်ရှင်းနိုင် တည်မြဲနိုင်မည် မဟုတ်ပါ၊ ရဟန်းတော်များ ဓမ္မဝိနယတည်းဟူသော သာသနာတော်၌ ကြီးပွားခြင်း၊ စည်ပင်ခြင်း၊ ပြန့်ပြောခြင်းသို့မရောက်လျှင် ဓမ္မဝိနယတည်းဟူသော သာသနာတော်မြတ်ကြီးလည်း ကြီးပွားခြင်း၊ စည်ပင်ခြင်း၊ ပြန့်ပွားခြင်းသို့ ရောက်နိုင်မည်မဟုတ်ပါ။

ရဟန်းတော်များ သီလစသောဂုဏ်တို့၌ သန့်ရှင်းနေမှသာ တည်မြဲနေမှသာ သဒ္ဓမ္မသုံးဖြာသာသနာတော်မြတ်ကြီးလည်း သန့်ရှင်းနိုင် တည်မြဲနိုင်မည်ဖြစ်ပါသည်။ ရဟန်းတော်များ ဓမ္မဝိနယတည်းဟူသော သာသနာတော်၌ ကြီးပွားခြင်း၊ စည်ပင်ခြင်း၊ ပြန့်ပြောခြင်းသို့ရောက်နေမှသာ ဓမ္မဝိနယတည်းဟူသော သာသနာတော်မြတ်ကြီးလည်း ကြီးပွားခြင်း၊ စည်ပင်ခြင်း၊ ပြန့်ပြောခြင်းသို့ ရောက်နိုင်မည်ဖြစ်ပါသည်ဘုရား။

ထို့ကြောင့် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးဟူသော အဓိကတာဝန်ကြီးများကို ဆောင်ရွက်နေကြရသော တပည့်တော်တို့နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်ဆရာတော်အရှင်မြတ်တို့သည် သဒ္ဓါ၊ ဟိရီ၊ ဩတ္တပ္ပ၊ ဝီရိယ၊ ပညာငါးဖြာသော တရားတို့နှင့် ပြည့်စုံကြလျက် ရိုသေလေးစားထိုက်သော ပုဂ္ဂိုလ်တို့အပေါ်၌ ရိုသေလေးစားသော သဂါရဝပုဂ္ဂိုလ်၊ အလေးဂရုပြုထိုက်သောပုဂ္ဂိုလ်တို့၏ အဆုံးအမ အဆိုအမိန့်စကားများကို လေးစားနာယူတတ်သော သပ္ပတိဿပုဂ္ဂိုလ်များဖြစ်အောင် ကျင့်ဆောင်တော်မူကြ၍ သံဃာစည်းလုံးညီညွတ်ရေး ပျက်ပြားဖွယ် ပြုလုပ်ပြောဆိုဆောင်ရွက်မှုတို့ကို မပြုလုပ်၊ မပြောဆို မဆောင်ရွက်မိအောင် ရှောင်ကြဉ်တော်မူကြကာ ငါးသိန်းကျော်သော သံဃာတော်တို့က ပေးအပ်သော အဓိကတာဝန်ကြီးလေးရပ်ကို အတတ်နိုင်ဆုံး ဆောင်ရွက်တော်မူကြပါဟု တိုက်တွန်းလျက် ဘုရားတပည့်တော်၏ သာရဏီယဩဝါဒကထာကို နိဂုံးကမ္ပတ်အဆုံးသတ်ပါသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်အရှင်သူမြတ်တို့ဘုရား။

ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ
(အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက)
ဥက္ကဋ္ဌဆရာတော်

*** ရှေ့ဖုံးမှ**

ဩဝါဒကထာမြွက်ကြား

ယင်းနောက် အစည်းအဝေး သဘာပတိ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဇန်းမော်ကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသက အစည်းအဝေးဖွင့် သာရဏီယဩဝါဒကထာကိုမြွက်ကြားတော်မူသည်။

(သဘာပတိ ဆရာတော်၏ အစည်းအဝေးဖွင့် သာရဏီယဩဝါဒကထာကို သီးခြားဖော်ပြ ထားပါသည်။)

တင်သွင်းလျှောက်ထား

ဆက်လက်၍ ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (ဒုတိယအဖွဲ့ခွဲ)၏ ပဉ္စမအကြိမ် တာဝန်ကျရာကာလအတွင်းဆောင်ရွက်ချက် အစီရင်ခံစာအကျဉ်းကို တာဝန်ကျအဖွဲ့ခွဲ၏ကိုယ်စား တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကဓရ ဘဒ္ဒန္တနိမလက တင်သွင်း လျှောက်ထားတော်မူပြီး ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (ဒုတိယအဖွဲ့ခွဲ)၏ ပဉ္စမအကြိမ် တာဝန်ကျရာ ကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင် ဆရာတော်များက ကဏ္ဍအလိုက် တင်သွင်းလျှောက်ထားတော်မူကြသည်။

ယင်းနောက် ဆရာတော်များက ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ နှင့် ပညာရေးရာကိစ္စရပ်များကို လျှောက်ထားတင်ပြခြင်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

ထို့နောက် ပျံလွန်တော်မူသွားကြသော နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများနှင့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများအတွက် သံဝေဂဉာဏ်ပွားတော်မူကြောင်း မှတ်တမ်းတင်ရန်ကိစ္စနှင့် အစားထိုးရွေးချယ်တင်မြှောက်ခြင်းခံရသော နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများနှင့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၏ ဘွဲ့အမည်စာရင်းကို တင်သွင်း၍ အတည်ပြုချက်ရယူရန် ကိစ္စတို့ကို ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဉ္စမအစည်းအဝေးသို့ တင်သွင်းပြီး အတည်ပြုချက်ရယူမည့် ကိစ္စများနှင့်စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြကာ ပထမနေ့ အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားလိုက်သည်။

တက်ရောက်ကြည်ညို

ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ တေရသမ ဒုတိယနေ့ အစည်းအဝေးကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ဆက်လက်ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် အမှူးပြုသော အဖွဲ့ဝင်ဆရာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဝန်ကြီး သူရဦးမြင့်မောင်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

အစီအစဉ်အရ ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (ဒုတိယအဖွဲ့ခွဲ)၏ ဆောင်ရွက်ချက်များအနက် ဝိနိစ္ဆယရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသူရဇဗက လည်းကောင်း၊ သာသနာရေးရာ ဆောင်ရွက်ချက်များအပေါ် ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တနန္ဒသာရက လည်းကောင်း၊ ပညာရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တဝေပုလ္လကလည်းကောင်း ဝေဖန်ဆွေးနွေးတော်မူကြပြီး နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ အကြံပြုတင်ပြလာသော ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

ဆွေးနွေးဆုံးဖြတ်

ယင်းနောက် ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဉ္စမအစည်းအဝေး အစီအစဉ်များကို အတည်ပြုချက်ရယူရန် ကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး သူရဦးမြင့်မောင်က သာသနာရေး ဆိုင်ရာများကို လျှောက်ထားသည်။

ဆက်လက်၍ အဖွဲ့ဝင်ဆရာတော်များက ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာနှင့် ပညာရေးရာကိစ္စရပ်များကို ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

အတည်ပြုချက်ရယူ

ထို့နောက် ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (ဒုတိယအဖွဲ့ခွဲ)၏ ပဉ္စမအကြိမ် တာဝန်ကျရာ ကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဝိနိစ္ဆယရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုမနက လည်းကောင်း၊ သာသနာရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိတာဘိဝံသက လည်းကောင်း၊ ပညာရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအရိယာလင်္ကာရက လည်းကောင်း ပြန်လည်ရှင်းလင်းလျှောက်ထားကြပြီး ဆောင်ရွက်ချက်အစီရင်ခံစာကို တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တမာနိတသိရီဘိဝံသက အတည်ပြုချက်ရယူကာ အထွေထွေကိစ္စရပ်များကို ဆွေးနွေးတော်မူကြသည်။

ယင်းနောက် အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော ဆရာတော်များက “ဇယန္တော ဗောဓိယာ မူလေ” အစချီ အောင်ဂါထာနှစ်ပိုဒ်ကို (၃)ကြိမ် ရွတ်ဆိုတော်မူကြပြီး သာဓု(၃)ကြိမ် ခေါ်ဆိုကြကာ ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ တေရသမ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

13-3 (03).pmd 1 3/13/2011, 1:57 AM

မြတ်မော်တင်စွန်းစေတီတော် ဗုဒ္ဓပူဇနီယပွဲတော် ဖွင့်ပွဲကျင်းပ

နေပြည်တော် မတ် ၁၂

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နယ် မြတ်မော်တင်စွန်းစေတီတော် ဗုဒ္ဓပူဇနီယပွဲတော် ဖွင့်ပွဲအခမ်းအနားကို မတ် ၅ရက် နံနက်ပိုင်းက အဆိုပါစေတီတော် ဖွင့်ပွဲမုခ်ဦးမဏ္ဍပ်ရှေ့၌ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်း တက်ရောက်၍ တာဝန်ရှိသူတို့နှင့်အတူ ဗုဒ္ဓပူဇနီယပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းမှူးသည် စေတီတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီး၊ ဆွမ်းများ ကပ်လှူပူဇော်ပြီး တာဝန်ရှိသူများနှင့်အတူ ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ယင်းနောက် တိုင်းမှူးသည် ဟိုင်းကြီးကျွန်းမြို့နယ် ကျောက်ချောင်းကျေးရွာ တံတားဖွင့်ပွဲသို့ တက်ရောက်ရာ တာဝန်ရှိသူများက တံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စင်ကာပူသမ္မတနိုင်ငံတွင် မတ် ၉ရက်မှ စတင်ကျင်းပသည့် International Furniture Fair Singapore (2011) နှင့် (၂၈)ကြိမ်မြောက် ASEAN Fur-niture Show သို့ တက်ရောက်ရန် မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးဘာဘာချိုသည် မတ် ၈ ရက် နံနက်က လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ အသင်း ဒုတိယဥက္ကဋ္ဌ ဦးနေထွန်းမင်းနှင့် တာဝန်ရှိသူတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြစဉ်။

(သစ်လုပ်ငန်းရှင်များအသင်း)

Myanmar New Year Exhibition 2011

ရန်ကုန်မြို့ တပ်မတော်ခန်းမ၌ ခင်းကျင်းပြသမည်

ရန်ကုန် မတ် ၁၂

MYANMAR ANAWRAHTA Business Group (Strong Source Co., Ltd.)သည် မြန်မာ့နှစ်သစ်ကူး အကြိုအဖြစ် Myanmar New Year Exhibition 2011 ကို ဧပြီ ၇ရက်မှ ၁၀ရက်အထိ ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ စည်ကားသိုက်မြိုက်စွာ ခင်းကျင်းပြသရန် စီစဉ်လျက်ရှိသည်။

ရောင်းချသွားမည်

ပြပွဲတွင် အဓိကပံ့ပိုးကူညီသော Shine Construction Co., Ltd. ၏ အိမ်ရာအရောင်းပြခန်းများနှင့် Kaung Myat Zaw Co., Ltd. မှ ဗီယက်နမ်နိုင်ငံထုတ် Viglacera အမှတ်တံဆိပ် အိမ်တွင်းအလှဆင်ပစ္စည်းအမျိုးမျိုး၊ ပူးတွဲကူညီသော Spice Wellcom နှင့် Do Co Mo တို့ ပူးပေါင်း၍ Well-com ၏ နောက်ဆုံးပေါ်ဖုန်းနှင့် အခြားဆက်စပ်ပစ္စည်းများ၊ Family Entertainment ၏ Media ပိုင်းဆိုင်ရာတို့အပြင် Good Brother Co., Ltd., Myanmar Vsk Co., Ltd., Fudax Co., Ltd. တို့မှ အိမ်တွင်းအဆင့်မြင့် လျှပ်စစ်အသုံးအဆောင်ပစ္စည်းများ၊ HITACHI မှ အဝတ်လျှော်စက်၊ TV၊ ရေခဲသေတ္တာ၊ Air Con များ၊ Future Step Co., Ltd. မှ လျှပ်စစ်ပစ္စည်းအမျိုးမျိုး၊ H2 mobile မှ ဖုန်းအမျိုးမျိုး၊ Three Friends Trading Co., Ltd. ၏ လျှပ်စစ်ပစ္စည်းများ၊ AMTC Co., Ltd. မှ Plastic Ingention Mechine, Blow Moulding machine နှင့် Auto Filling to Packing Machine စက်များ၊ STEP Co., Ltd. နှင့် အခြားအဝတ်အထည် ကုမ္ပဏီများမှ နာမည်ကြီး အထည်ဆန်းများ၊ E. A. C Co., Ltd. ၏ လူသုံးကုန်ပစ္စည်းများ၊ MAMEE Co., Ltd. ၏ ခေါက်ဆွဲအမျိုးမျိုး၊ Myanmar PRIDE INTERNATIONAL Ltd. မှ ARISTON, MURANO အိမ်သုံးအဆင့်မြင့် ပစ္စည်းများ၊ Zin 9 Co., Ltd. မှ စီထွာ Digital မီးလင်းကတ္တား၊ Shinpo မှ Digital Scale အမျိုးမျိုး၊ MAZ မှ နောက်ဆုံးပေါ်ငွေရေစက်များနှင့် Caribbian တံဆိပ်ရေသန့်စက်များ၊ မြန်မာလေညှင်းကုမ္ပဏီမှ NOW HOW , bsc, KMA, SHEEN e, ARTY အလှကုန်ပစ္စည်းများ၊ EMP Co., Ltd. မှ Hanniel ခေါင်းလျှော်ရည်၊ Bonneal ဒဏ်ကျေလိမ်းဆေး၊ Sunny အချိုရည်၊ ရွှေကြာပန်းနို့မှုန့်၊ Crown နို့မှုန့်၊ Lucky ရွှေအိုးခေါက်ဆွဲ၊ ရွှေရည်မှုန်၏ လက်ဖက်နှင့် ရှမ်းပြည်နယ်၊ ရှမ်းရိုးရာ အစားအစာများ၊ ဝေစမ်းလက်ဖက်ခြောက်များ၊ Li Li Beauty Centre မှ အလှကုန်များ၊ Shieldox, Dettol, Happy Cow, Lucky Glass ware များ၊ Lucky Man Co., Ltd. မှ GOOD YEAR တာယာများ၊ Living Product အမျိုးမျိုးတို့ကို အထူးဈေးနှုန်းများဖြင့် ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်သည်။

ပြပွဲနှင့်ပတ်သက်၍ ဆက်သွယ်စုံစမ်းလိုပါက MYANMAR ANAWRAHTA Business Group (Strong Source Co., Ltd.) ဦးနေပိုင် ဖုန်း- ၀၉-၅၁၉၅၈၇၈ နှင့် ၀၉-၈၆၆၀၁၅၄၊ ဦးအေးချမ်းမင်း ဖုန်း-၀၉- ၅၂၀၂၄၇၅တို့ထံသို့ ဆက်သွယ် နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၁၃-၃-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၇:၀၄ ၃။ နိုင်ငံတော်သီချင်း
- ၇:၀၅ ၄။ တရားတော်
- ၇:၁၅ ၅။ ဓမ္မပူဇာတေး
- ၇:၂၀ ၆။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၇။ မြန်မာ့ရှုခင်း
- ၇:၃၀ ၈။ မြန်မာသံစဉ် ချိုနားဝင်
- ၇:၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ မြဝတီအဖွင့်
- ၁၁:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၁၁:၀၄ ၃။ နိုင်ငံတော်သီချင်း
- ၁၁:၀၅ ၄။ အဖွင့်သီချင်း
- ၁၁:၁၀ ၅။ မျိုးချစ်တပ်မတော်
- ၁၁:၃၀ ၆။ ကာတွန်းအစီအစဉ် **ချစ်မိတ်ဆွေဗလကြီး** (အပိုင်း-၃၈)
- ၁၁:၄၀ ၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဒရမ်အခန်းလေး**
- ၁၂:၃၀ ၈။ ကျန်းမာသုတ
- ၁၄:၀၀ ၉။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်မျက်ရည်လေးပြယ်ပါစေ** (အပိုင်း-၄၉)

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၄:၀၄ ၃။ နိုင်ငံတော်သီချင်း
- ၄:၀၅ ၄။ အဖွင့်သီချင်း
- ၄:၁၀ ၅။ မျိုးချစ်တပ်မတော်
- ၄:၁၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၄:၂၅ ၇။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
- ၄:၄၀ ၈။ မြန်မာ့ရှုခင်း
- ၄:၅၀ ၉။ ကြိုတင်တားဆီးရန်သူမီး
- ၅:၁၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅:၃၀ ၁၁။ ဒီဇိုင်နာတို့ရဲ့ ဒီဇိုင်း
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၆:၃၀ ၁၄။ ဘဝကြေးမုံ **မေ့တတ်သောမောင်ထံ** လုလု၊ ဆီဇာညီညီ၊ ခိုင်ပွင့်နှင့် သရုပ်ဆောင်များ [ဒါရိုက်တာ - မေတင် (MMG)]
- ၆:၅၀ ၁၅။ ဂင်းနက်စ် ကမ္ဘာ့စံချိန်တင် ပြိုင်ပွဲများ
- ၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြယ်စင်ညီအစ်မများ** (အပိုင်း-၆၅)
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ နိုင်ငံတကာသတင်း
- ၂၀။ ပဟေဠိနန်းတော်
- ၂၁။ ကျန်းမာသုတ
- ၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဘတစ်ပြန်ကျားတစ်ပြန်** (အပိုင်း-၁၈)
- ၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အိမ်အပြန်လမ်း** (အပိုင်း-၃၆)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ် မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန်လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၁၁ ခုနှစ် မတ်လအတွက်
(၁၃-၃-၂၀၁၁)ရက်နေ့ နှင့်
(၂၇-၃-၂၀၁၁)ရက်နေ့

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

➢ မိုးမြင့်လင်းလက် - ရေးသားသည် ≺

ဖိလစ်ပိုင်တောင်ပိုင်း၌ ဗုံးပေါက်ကွဲ၊ ငါးဦးသေဆုံး

ကိုတာဘာတိုစီးတီး မတ် ၁၂

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းတွင် မတ် ၁၁ ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ငါးဦးသေဆုံးပြီး အချို့ဒဏ်ရာရရှိခဲ့ကြောင်း ဖိလစ်ပိုင်တပ်ဖွဲ့ဝင်များက ပြောကြားသည်။

၄င်းဗုံးခွဲတိုက်ခိုက်မှုသည် ဆူလူပြည်နယ် ဂျိုလိုမြို့ စာသင်ကျောင်းတစ်ကျောင်း၏ အပြင်ဘက်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ယခုဗုံးခွဲတိုက်ခိုက်မှုသည် တာလီဘန်အကြမ်းဖက်အဖွဲ့အစည်းများနှင့် အဆက်အသွယ်ရှိသည့် အစွန်းရောက်အဖွဲ့၏ လက်ချက်ဖြစ်ကြောင်း တပ်ဖွဲ့ဝင်များက ပြောကြားသည်။

ပြောင်းလဲ

အဆိုပါဗုံးမှာ လက်လုပ်ဗုံး အမျိုးအစားဖြစ်ပြီး ထိုသို့ ဗုံးဖောက်ခွဲတိုက်ခိုက်ရခြင်းမှာ ဖိလစ်ပိုင်အစိုးရတပ်ဖွဲ့များက အကြမ်းဖက်သမားများအား စစ်ဆင်ရေးတစ်ရပ် ဆင်နွှဲနေမှုကို ဦးတည်ချက် ပြောင်းလဲသွားစေရန် ရည်ရွယ် ခြင်းဖြစ်နိုင်ကြောင်း အစိုးရတပ်ဖွဲ့တာဝန်ရှိသူတစ်ဦးကပြောကြားခြင်းဖြစ်သည်။

ဗုံးပေါက်ကွဲမှုကြောင့် နှစ်ဦးပွဲချင်းပြီးသေဆုံးခဲ့ကာ ကျန်သုံးဦးမှာ ဆေးရုံတက်ရောက်၍ ဆေးကုသခံနေစဉ် ဒဏ်ရာပြင်းထန်သဖြင့် သေဆုံးခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

ဆစ်ဒနီမြို့ရှိ စူပါမားကတ်မီးလောင်၊ လူ ၂၀၀ ခန့် ကယ်ထုတ်ခဲ့ရ

ဆစ်ဒနီ မတ် ၁၂

ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့ အရှေ့တောင်ပိုင်း ကင်ဆင်းတန်အရပ်တွင်ရှိသည့် စူပါမားကတ်တစ်ခုတွင် မတ် ၁၁ ရက်က မီးလောင်မှုဖြစ်ပွားခဲ့ရာ အဆောက်အအုံအတွင်းရှိ လူ ၂၀၀ ခန့်ကို အရေးပေါ်ကယ်ဆယ်ခဲ့ရကြောင်း မီးသတ်တပ်ဖွဲ့က သတင်းထုတ်ပြန်သည်။ (ဝဲပုံ)

ငြိမ်းသတ်

ယင်းစူပါမားကတ်အဆောက်အအုံထိပ်တွင် မီးခိုးများထွက်ရှိလာသည်ကို မြင်တွေ့ခဲ့ရပြီးနောက် မီးသတ်တပ်ဖွဲ့အား အကြောင်းကြားခဲ့ရာမှ မီးငြိမ်းသတ်နိုင်ခဲ့ခြင်းဖြစ်သည်။

ပြောကြား

အဆိုပါ စူပါမားကတ်၏ မြေအောက်ခန်းရှိ ကစားစရာအရုပ်များထားရှိရာ အခန်းမှ မွန်းလွဲ ၁၂ နာရီခွဲက စတင် မီးလောင်ခဲ့ခြင်းဖြစ်သည်ဟု မီးသတ်တပ်ဖွဲ့က ပြောကြားသည်။

ကယ်ထုတ်နိုင်

မီးသတ်တပ်ဖွဲ့ဝင်များက ပိတ်မိနေသော လူ ၂၀၀ ခန့်ကို မီးတောက်များ အကြားမှကယ်ထုတ်နိုင်ခဲ့ကြောင်း သတင်း၌ ဖော်ပြသည်။ **(အင်တာနက်)**

တရုတ်၌ ဓာတုစက်ရုံမှ အဆိပ်ဓာတ်ငွေ့ရည်များယိုစိမ့်

ဟန်ကျိုး မတ် ၁၂

တရုတ်နိုင်ငံ ကျီကျင်းပြည်နယ်ရှိ ဓာတုစက်ရုံတစ်ရုံမှ ဟိုက်ဒရိုဖလိုရစ် အဆိပ်ဓာတ်ငွေ့ရည် တန် ၂၀ ခန့် ယိုစိမ့်ခဲ့ကြောင်း(ဝဲပုံ) ကျီကျင်းပြည်နယ် အရာရှိများက မတ် ၁၂ ရက်၌ ထုတ်ဖော်ပြောကြားသည်။

ယိုစိမ့်

ဖြစ်ပွားမှုမှာ ကျူကျို့မြို့ အဆင့်မြင့်နည်းပညာ ဖွံ့ဖြိုးရေးဇုန်ရှိ ကျီကျင်းဟောလန် ဓာတုကော်ပိုရေးရှင်း၏ စက်ရုံဝင်းအတွင်း မတ် ၁၁ ရက် မွန်းလွဲ ၂ နာရီခွဲခန့်က ဖြစ်ပွားခဲ့ကြောင်း၊ မတော်တဆဖြစ်ရပ်ကြောင့် အဆိပ်ဓာတ်ငွေ့ရည်များ ယိုစိမ့်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ထိုသို့ဖြစ်ရပ်ကြောင့် စက်ရုံဝန်ထမ်းများနှင့် အနီးဝန်းကျင်၌ နေထိုင်ကြသူဒေသခံများအား ဘေးကင်းရာသို့ အမြန်ရွှေ့ပြောင်းပေးခဲ့ရသည်။

ပြုလုပ်

တစ်စုံတစ်ဦးမျှ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်းနှင့် အဆိပ်ဓာတ်ငွေ့ရည်များ ယိုစိမ့်ရာသို့ မီးသတ်တပ်ဖွဲ့ဝင်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ဝင်များ ရောက်ရှိလာပြီး ဖယ်ရှားရှင်းလင်းမှုများ ပြုလုပ်လျက်ရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ **(အင်တာနက်)**

❐ ရှေ့ဖုံးမှ

အုပ်စုရှိ မရင်းကြီးကျေးရွာသို့ စပါးစိုက်ပျိုးပုံနှင့်ပတ်သက်၍ သိရှိနိုင်ရန် မတ် ၁ ရက် နံနက်စောစောတွင် ထွက်ခွာခဲ့ကြသည်။

ပညာရေး၊ ကျန်းမာရေး

မရင်းကြီးကျေးရွာသည် အိမ်ခြေ ၂၈၀ ရှိပြီး နေထိုင်သူဦးရေ ၁၁၆၀ ရှိသည်။ ရွာ၌ အခြေခံပညာမူလတန်းကျောင်းတစ်ကျောင်းနှင့် ကျန်းမာရေး ဆေးပေးခန်းတစ်ခန်းရှိသဖြင့် ပညာရေးနှင့် ကျန်းမာရေးအတွက် ရွာသူ ရွာသားများအနေဖြင့် ပူစရာမလိုပေ။

မရင်းကြီးကျေးရွာ၌ တစ်နှစ်ပတ်လုံး နွေစပါးနှင့်မိုးစပါးစိုက်ပြီး ပဲမျိုးစုံနှင့် ရာသီအလိုက် သီးနှံများစိုက်ပျိုးသည်ဟု သိရသည်။

ရွာမှ နွေစပါးစိုက်တောင်သူတစ်ဦးဖြစ်သည့် ဦးခင်မောင်အား သတင်းအဖွဲ့မှ သိလိုသည်များ မေးမြန်းရာတွင် ''နွေစပါး နှစ်ဧကကို အခုစိုက်နေပါတယ်၊ စိုက်ပျိုးရက် အနေနဲ့ သုံးလခွဲ လေးလဆို ရိတ်သိမ်းလို့ရပါပြီ။ စိုက်ပျိုးတဲ့စပါးကတော့ မနောသုခပါ။

နွေစပါးစိုက်ပျိုးထားမှုကိုတဲကုန်းရွာမှ ဦးဇော်ကြီး ရှင်းပြစဉ်။

မျိုးကြဲ

နွေစပါးစိုက်ရာမှာ စပါးသြောင့်ဖောက်ပြီး မျိုးကြဲပါတယ်။ အစိုကြဲ၊ အခြောက်ကြဲ နှစ်မျိုးရှိပါတယ်။ တစ်ဧကကြဲလျှင် တစ်တင်းကုန်ပါတယ်။

စိုက်ပျိုးရက် တစ်လခွဲလောက်မှာ ပေါင်းထမှုအခြေအနေကို ကြည့်ပြီး ပေါင်းသတ်ဆေး ဖျန်းပေးရပါတယ်။ တစ်ပတ်ကို မြေဩဇာ(ပုလဲ) ရှစ်ပြည်သုံးစွဲရပါတယ်။ သုံးပတ်ဆိုရပါတယ်။ ထွက်ရှိမှုအနေနဲ့ ရေရရှိမှုပေါ် မူတည်ပြီး တစ်ဧကကို တင်း ၆၀-၇၀ မှ ၈၀-၉၀ ရရှိပါတယ်။ စိုက်ပျိုးရေးအတွက် ရေကို မစီးချောင်းရေမှ သွယ်ယူပါတယ်''ဟု ရှင်းပြသည်။

ရွာ၌ စပါးစိုက်ဧက ၆၀ ရှိပြီး နွေစပါးပြီးပါက မိုးစပါး ဆက်လက်စိုက်ပျိုးသည်ဟု သိရသည်။ ကြားသီးနှံအနေဖြင့် ကုလားပဲနှင့် မတ်ပဲ စိုက်ပျိုးကြောင်း သိရသည်။

ကြိုးပမ်းစွမ်းဆောင်

သတင်းအဖွဲ့အနေဖြင့် စပါးစိုက်ကွက်၌ထယ်ထိုးနေသူများ၊ မျိုးကြဲနေသူများကိုတွေ့ရပြီး ၎င်းတို့၏ ပုံရိပ်များကို မြင်တွေ့ရသည်မှာ နိုင်ငံအတွက် စားနပ်ရိက္ခာ ဖူလုံပိုလျှံစေရန် တစ်ထောင့်တစ်နေရာက ကြိုးပမ်းစွမ်းဆောင်နေသူများဟု လေးစားဂုဏ်ယူမိပါသည်။

ဆက်လက်၍ သတင်းအဖွဲ့ အနေဖြင့် မရင်းကြီးကျေးရွာအနီးရှိ တဲကုန်းကျေးရွာသို့ စိုက်ပျိုးရေး အခြေအနေများသိရှိနိုင်ရန် ဆက်လက်ထွက်ခွာခဲ့သည်။

တဲကုန်းရွာမှ နွေစပါးစိုက်တောင်သူ ဦးဇော်ကြီးအား မေးမြန်းကြည့်ရာ ''ကျွန်တော်စိုက်ပျိုးတဲ့ စပါးမျိုးကတော့ မနောသုခနဲ့ ဆင်းသွယ်ရင်မျိုးတွေစိုက်ပျိုးပါတယ်။ ဆည်ရေသွင်းစိုက်ပျိုးတာပါ။ မကျိုးပင်ဆည်မှ

''စိုက်ပျိုးတဲ့ စပါးကတော့ မနောသုခပါ။''

ဦးခင်မောင် (တောင်သူ)

မရင်းကြီးရွာ။

ရေရရှိပါတယ်။ မြေဩဇာကတော့ တီစူပါမြေဩဇာသုံးပါတယ်။ အခုမျိုးတွေက သက်တမ်းရင့်မျိုးတွေပါ။ လေးလလောက် ကြာပါတယ်။ ရေသွင်းတာကတော့ တစ်ပတ်တစ်ခါလောက် ရေသွင်းပါတယ်။ တစ်ဧကစပါး၈၅တင်းမှ တင်း၉၀အထိ ထွက်ပါတယ်။ အရင်းအနှီးကတော့ တစ်ဧကကို ကျပ်တစ်သိန်းသုံးသောင်းလောက် ကုန်ပါတယ်။ စပါးရောင်းချမှုအနေနဲ့ ဈေးကတော့ အမှန်မရှိပါဘူး။ ပေါက်ဈေးအတိုင်း ရောင်းရပါတယ်။ တစ်ရွာလုံးစပါးစိုက်ဧက အနေနဲ့ ဧက ၃၀ ရှိပါတယ်''ဟု ရှင်းပြပါသည်။

တဲကုန်းရွာတွင် ဖရဲ၊ ပြောင်း၊ နေကြာနှင့် ပဲမျိုးစုံလည်းစိုက်ပျိုးကြောင်းသိရသည်။ စပါးခင်းများဘေးတွင် အဝါရောင်ဝင်းနေသော နေကြာစိုက်ခင်းကို မြင်တွေ့ရ၍ သတင်းအဖွဲ့ကို အမြင်ပသာဒတစ်မျိုး ပေးစွမ်းပြန်သည်။ ထို့ကြောင့် ဦးဇော်ကြီးအား မေးကြည့်ရာ ''ကျွန်တော်တို့ရွာမှာ နေကြာစိုက်ဧက ၁၂ ဧကရှိပါတယ်။ နေကြာစိုက်တောင်သူဟာ စိုက်ပြီးတာနဲ့ ဘာမျှလုပ်စရာ မလိုတော့ပါဘူး။ ဒီလို အောင်မြင်တယ်ဆိုရင် အရင်းနည်းနည်းနဲ့ အမြတ်များများ ရပါတယ်။ မိသားစုတွေအတွက် ဆီဖူလုံရုံမကဘဲ အပြင်ကို ရောင်းချရပါတယ်''ဟု ဆက်လက်ရှင်းပြသည်။

နိုင်ငံတော်၏ စားနပ်ရိက္ခာ ဖူလုံပိုလျှံရေးအတွက် မိမိတို့လုပ်ကိုင်၍ရသော လယ်ယာမြေများကို အကျိုးရှိစွာ အသုံးချကာ နွေမိုးဆောင်းသုံးရာသီစလုံး သီးနှံစိုက်ပျိုးကြသဖြင့် မိမိတို့၏ လူမှုစီးပွားဘဝ စည်ပင်ဖွံ့ဖြိုးသည့်အပြင် နိုင်ငံ၏ ထုတ်ကုန် စွမ်းအားလည်း တိုးတက်မြင့်မားမှုကို ဖော်ဆောင်ပေးနေသော တောင်သူလယ်သမား ဦးကြီးများ အကြောင်း ကွင်းဆင်းလေ့လာရေးသား တင်ပြ လိုက်ရပါသည်။ ။

(မြန်မာ့အလင်း)



တဲကုန်းရွာ၌ စိုက်ပျိုးထားသော နေကြာစိုက်ခင်းကလည်း ရွှေရောင်ဝင်းနေသဖြင့် မြင်သူအတွက် ငေးချင်စရာ…။

နွေစပါး စိုက်ပျိုးရန်အတွက် မျိုးကြဲနေသော လုံမေများကို ဤသို့ တွေ့ခဲ့ရသည်။

အင်းစိန်လမ်းမကြီးပေါ်၌ ယာဉ်တိုက်မှုဖြစ်

ရန်ကုန် မတ် ၁၂

ရန်ကုန်မြို့ အင်းစိန်လမ်းမကြီးအတိုင်း တောင်မှမြောက်သို့ အင်းစိန်မြို့နယ်နေသူ ယာဉ်မောင်းကိုလှဦး (၄၃)နှစ် (ဘ)ဦးမြသန်း မောင်းနှင်လာသော ယာဉ်အမှတ် ၄ခ/---- မထသ(၄၅)ဘတ်စ်ကားသည် မတ် ၁၂ ရက် ညနေ ၄နာရီက လှိုင်မြို့နယ် သံလမ်းအားကစားရုံရှေ့အရောက်တွင် ခရီးသည်တင်ရန်အတွက် ရပ်လိုက်ရာမှ နောက်မှလိုက်လာသော ရန်ကင်းမြို့နယ်နေသူ ယာဉ်မောင်း ဦးကိုကိုလေး (၅၈)နှစ် (ဘ)ဦးသာဒင် မောင်းနှင်သည့် ယာဉ်အမှတ် ယာယီ----/၇က TOWNACE နို့နှစ်ရောင်နှင့် မီးခိုးရောင်စပ်ကြားယာဉ်က နောက်မှတိုက်မှုဖြစ်ပွားရာ ယာဉ်မောင်း ဦးကိုကိုလေး၏ ယာဉ်ယာဘက်ခေါင်းခြမ်း ပိန်ချိုင့်ခဲ့ပြီး ယာဉ်မောင်း ကိုလှဦး၏ မထသ (၄၅)ယာဉ်မှာဝဲနောက်ဘက်ခြမ်း ပိန်ချိုင့်သွားကာ လူထိခိုက်ဒဏ်ရာ ရရှိခြင်းမရှိကြောင်း သိရသည်။ *(၁၂၂)*

တီဘီရောဂါကာကွယ်ရေးနှိုးဆော်ချက်

ယနေ့ကမ္ဘာပေါ်တွင် တီဘီရောဂါသည် တစ်နှစ်လျှင် လူဦးရေ ကိုးသန်းခန့် ဖြစ်ပွားနေပြီး ၁ ဒသမ ၇သန်း ခန့် သေဆုံးနေပါသည်။ စက္ကန့် ၂၀ တွင် တစ်ဦးနှုန်းဖြင့် သေဆုံးလျက်ရှိပါသည်။ မြန်မာနိုင်ငံတွင်လည်း တီဘီရောဂါသည် ပြည်သူ့ကျန်းမာရေးပြဿနာတစ်ရပ်အဖြစ် တည်ရှိနေဆဲဖြစ်ပြီး အမျိုးသားကျန်းမာရေး စီမံကိန်းတွင် အဓိကဦးစားပေးတိုက်ဖျက်ရမည့်ရောဂါအဖြစ် သတ်မှတ်ပြဋ္ဌာန်းထားပါသည်။

တီဘီရောဂါသည် မိသားစု၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးများကို ထိခိုက်နိုင်သဖြင့် အောက်ပါအတိုင်း ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

(၁) ချောင်းနှစ်ပတ်နှင့်အထက်ဆိုးပါက တီဘီရောဂါရှိ၊ မရှိ စစ်ဆေးပါ။
(၂) ရောဂါတွေ့ရှိပါက အစွမ်းထက်သော တီဘီဆေးများဖြင့် ရောဂါပျောက်ကင်းသည်အထိ ကျန်းမာရေးဌာနများမှ **(အခမဲ့)** ကုသပေးလျက်ရှိပါသည်။
(၃) တီဘီရောဂါဖြစ်လျှင် ကြောက်စရာမလိုပါ။ ဆေးကုသမှုကာလပြီးဆုံးသည်အထိ နေ့စဉ်မှန်မှန် စနစ်တကျ ဆေးသောက်ပါက ရောဂါပျောက်ကင်းမည် ဖြစ်ပါသည်။
(၄) တီဘီလူနာများ ကုသမှုကာလပြီးဆုံးသည်အထိ ဆေးကုသမှုခံယူနိုင်ရန်အတွက် ပြည်သူလူထုမှ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဦးစီးဌာန၊ကျန်းမာရေးဝန်ကြီးဌာန

မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်

ဖျာပုံမြို့နယ် မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်မှုကို မတ် ၈ရက်က စည်ပင်သာယာရေးရုံးဝင်းအတွင်းကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးဉာဏ်စိုး၊ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ထင်၊ အမှုဆောင်အရာရှိ ဦးမြင့်မောင်နှင့် ခရိုင်မီးသတ်ဦးစီးအရာရှိ ဦးသန်းနိုင်တို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (၀၇၁)

ကန်ကြီးထောင့် မြို့မဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက် အမြင့်တင်ရေစင်တည်ဆောက်ခြင်းနှင့် သန့်ရှင်းရေးဆောင်ရွက်ထားရှိမှုများကို ဖေဖော်ဝါရီ ၁၆ရက်က ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသန်းတို့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးလှသိန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန့်ဇင်ထွဋ်တို့ ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

ကြာအင်းဆိပ်ကြီးမြို့ ဇမိရတနာဈေး၌ ဖေဖော်ဝါရီ ၂၆ ရက်က အမှုဆောင်အရာရှိ ဦးခင်မောင်ချို ဦးဆောင်၍ ဈေးဝန်ထမ်းများ၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့နှင့် ဈေးသူဈေးသားများက မီးငြိမ်းသတ်ခြင်း လက်တွေ့သရုပ်ပြလေ့ကျင့်ဆောင်ရွက်မှုကို မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် မြို့နယ်ဥက္ကဋ္ဌ ဦးဝင်းလှိုင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကြံခင်းမြို့နယ် မြို့မဈေးကြီးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ကွန်ကရစ်ရေစင်၊ ရေစက်ရုံဆောက်လုပ်မှုကို ဖေဖော်ဝါရီ ၂၈ရက်က အမှုဆောင်အရာရှိ ဦးအောင်သက်ရှည် ကွင်းဆင်းဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ပြင်ဦးလွင်မြို့ မြို့မဈေးကြီးတွင် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် သရုပ်ပြလေ့ကျင့်ခြင်းကို မတ် ၇ရက်က အမှုဆောင်အရာရှိ ဦးတင်ဝင်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

အောင်ပွဲရ အမျိုးသမီးစက်ဘီးအသင်းအား ဂုဏ်ပြု

နေပြည်တော် မတ် ၁၂

မန္တလေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင်သည် မတ် ၄ရက်က မန္တလေးမြို့ နယ်မြေခံ တပ်မတော်ဆေးရုံသို့ရောက်ရှိရာ တာဝန်ရှိသူ တစ်ဦးက ဆေးရုံ၏ခွဲစိတ်ခန်းမကြီးအတွင်း တပ်ဆင်ထားသည့် ခွဲစိတ်ခန်းသုံးပစ္စည်းများနှင့်စပ်လျဉ်း၍ ရှင်းလင်း ပြသသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် တိုင်းမှူးသည် ဆေးကုသမှုခံယူနေကြသည့် လူနာများအား ကြည့်ရှုအားပေးပြီး ထောက်ပံ့ငွေများ ပေးအပ်သည်။ ဆက်လက်၍ တိုင်းမှူးသည် တိုင်းဒေသကြီးအစည်းအဝေးခန်းမ၌ ကျင်းပသော အောင်ပွဲရ မန္တလေးတိုင်း ဒေသကြီး အမျိုးသမီးစက်ဘီးအသင်းအား ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး အမှာစကားပြောကြားသည်။ ထို့နောက် တာဝန်ရှိသူတို့က တိုင်းမှူးထံ ပထမတံခွန်စိုက်ဒိုင်းဆုကိုအပ်နှံကြပြီး တိုင်းမှူးက အားကစားသမားများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တိုင်းမှူးသည် တိုင်းစစ်ဌာနချုပ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် တွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး တာဝန်ရှိသူတို့နှင့်အတူ တက္ကသိုလ်ဝင်တန်း ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် ချီးမြှင့်ငွေများနှင့် မိသားစုဝင်များအတွက် ချီးမြှင့်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိ သည်။ **(သတင်းစဉ်)**

မြန်မာစာကျောင်းသားဟောင်းများ ဒုတိယအကြိမ်ပူဇော်

ရန်ကုန် မတ် ၁၂

၁၉၇၀ပြည့်နှစ်မှ ၁၉၇၄ခုနှစ်အထိ ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် မြန်မာစာဌာန၌ ပညာသင်ကြားခဲ့ကြသော ကျောင်းသား ကျောင်းသူများက ဆရာ ဆရာမများအား ပထမအကြိမ်ပူဇော်ကန်တော့ပွဲကို မတ် ၆ရက်က ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေဂုံတိုင်ရှိ တော်ဝင်နှင်းဆီ သီရိခန်းမ၌ကျင်းပရာ **(အပေါ်ပုံ)** ရပ်ဝေးရပ်နီးရှိ ကျောင်းသား ကျောင်းသူ ၄၀ကျော်တက်ရောက် ကြပြီး ဆရာ ဆရာမကိုးဦးအား လှူဖွယ်ဝတ္ထုပစ္စည်းများဖြင့် ပူဇော်ကန်တော့ ကြသည်။ မဆက်သွယ်မိသော ကျောင်းသား ကျောင်းသူဟောင်းများအနေဖြင့် ဒုတိယအကြိမ် ပူဇော်ပွဲအတွက် ဖုန်း-၀၉-၅၁၈၁၇၁၅၊ ၀၁-၃၉၄၅၀၇၊ ၀၁-၃၈၇၇၇၄တို့သို့ ကြိုတင်ဆက်သွယ်ကြရန် နှိုးဆော်ထားကြောင်း သိရှိရ သည်။ **(မြန်မာ့အလင်း)**

သာသနာနုဂ္ဂဟဘွဲ့ တံဆိပ် လက်ခံရယူမည့် လှူပုဂ္ဂိုလ်များအတွက် ဖိတ်စာများ ထုတ်ယူနိုင်

နေပြည်တော် မတ် ၁၂

(၁၃၇၂ခုနှစ် တပေါင်းလပြည့်နေ့) မတ်၁၉ရက် (စနေနေ့)တွင် ကျင်းပမည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များဆက်ကပ်လှူဒါန်းပွဲအခမ်းအနား၌ သာသနာနုဂ္ဂဟဘွဲ့တံဆိပ်တော်များကို လက်ခံရယူကြမည့် လှူပုဂ္ဂိုလ်များသည် ဖိတ်စာများကို သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ဦးစီးရေးရာဌာနခွဲ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းထိုက် ဖုန်း-၀၆၇-၄၀၆၀၄၅ထံတွင် မတ် ၁၅ ရက်မှစ၍ ကိုယ်တိုင်လာရောက်ထုတ်ယူနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အနုပညာဆိုင်ရာ ဒီပလိုမာသင်တန်း စာနယ်ဇင်းရှင်းလင်းပွဲကျင်းပ

ရန်ကုန် မတ် ၁၂

အင်္ဂလန်နိုင်ငံ City of Sunderland College မှ တိုက်ရိုက် ချီးမြှင့်မည့် Level-3 Diploma in Performing Arts အနုပညာဆိုင်ရာ နိုင်ငံတကာအဆင့် Diploma သင်တန်း စာနယ်ဇင်း ရှင်းလင်းပွဲအခမ်းအနားကို မတ် ၁ ရက်က ရန်ကုန်မြို့ ဗိုလ်ချုပ်လမ်းရှိ Central Hotel ၌ ကျင်းပရာ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးမြင့်သိန်းဖေက အမှာစကားပြောကြားပြီး(အပေါ်ပုံ**) **City of Sunderland College မှ တာဝန်ခံနှင့် Shwe Sae Entertainment မှ ဒါရိုက်တာတို့က သင်တန်းနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားကြသည်။**

မြန်မာနိုင်ငံတွင် ပထမဦးဆုံး ဖွင့်လှစ်မည့် ယင်းဒီပလိုမာသင်တန်း ကို မတ် ၂၄ ရက် (ကြာသပတေးနေ့) တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး နိုင်ငံတကာ၌ သင်ကြားသည့် စာမေးပွဲ ဖြေဆိုသော စနစ်မဟုတ်ဘဲ Activity, Task, Assignment တို့ကို ပြည်တွင်းမှ ဝါရင့်အနုပညာရှင်များ နှင့် နိုင်ငံတကာမှ ဆရာ ဆရာမ များက သင်ကြားပို့ချမည် ဖြစ်သည်။

သင်တန်းတွင် နိုင်ငံတကာ ဆက်ဆံရေးအတွက် Communication English အပြင် Developing Voice for the Actor, Principles of Acting , Applying Acting Styles, Film and TV Acting, Dance Performance, Jazz Dance , Tap Dance, Script Writing, Singing Sill for Actors and Dancers, Developing Movement Skills စသည့် Unit ၁၈ခုဖြင့် သင်ကြားမည်ဖြစ်သည်။

စာတွေ့ လက်တွေ့

ဆက်လက် ပညာဆည်းပူးလို ပါက နိုင်ငံတကာရှိ တက္ကသိုလ်၊ ကောလိပ်များတွင် နှစ်နှစ် သို့မဟုတ် သုံးနှစ် ဆက်လက် တက်ရောက်ပြီး အနုပညာဆိုင်ရာဘွဲ့ ရရှိမည်ဖြစ် သည်။ ယင်းသင်တန်းကို အခြေခံ ပညာအထက်အဆင့်ရှိသူများမှ စတင် တက်ရောက်နိုင်ပြီး သင်တန်းကာလ မှာ စာတွေ့ လက်တွေ့ စုစုပေါင်း ကိုးလ ကြာမြင့်မည်ဖြစ်သည်။

ဆက်သွယ်စုံစမ်းနိုင်

အသေးစိတ် အချက်အလက်များ သိရှိလိုပါက Shwe Sae Entertainment အမှတ် ၃၇ အခန်း ၂၀၂ အောင်သပြေလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉-၇၃၁၃၂၉၂၇ နှင့် ၀၉-၇၃၁၃၂၉၂၈ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

လပွတ္တာမြို့နယ် တောင်ကုန်းကျေးရွာ ရေကန်ခြံစည်းရိုးကာရံခြင်းလုပ်ငန်းကို မတ် ၆ ရက်က အမှုဆောင်အရာရှိ ဦးမောင်တိုး ကွင်းဆင်းစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိ

ရန်ကုန် မတ် ၁၂

ယခုအပတ်ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၇)၊ အမှတ်(၁၀)တွင် မြန်မာပုဂ္ဂလိကသတင်းမီဒီယာအဖွဲ့ ပါကစ္စတန်နိုင်ငံ ပြန်ကြားရေးနှင့် အသံလွှင့်လုပ်ငန်းဝန်ကြီးနှင့်တွေ့ဆုံ၊ အထူးစက်မှုဇုန် ဥပဒေထုတ်ပြန်ပြီးနောက် တောင်ကိုရီးယားကုမ္ပဏီ ၉၀ကျော် လာရောက်ရင်းနှီးမြှုပ်နှံရန်စီစဉ်၊ ထားဝယ် အထူးစီးပွားရေးဇုန်ဥပဒေကို သီးခြားထုတ်ပြန်ကြေညာ၊ ကမ်းရိုးတန်း စီဒီအမ်အေ ၄၅၀စနစ်သုံးဖုန်းများ အင်တာနက်သုံးနိုင်တော့မည်၊ ရာသီဥတု အပူအအေး ပြောင်းလဲမှုနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ ကျန်းမာရေးသုံးသပ်ဆောင်းပါး၊ ဘုရင့်နောင်ကုန်စည်ဈေးကွက်နှင့် မန္တလေးကုန်စည်ဈေးကွက် သတင်းများ၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ စီးပွားရေးပိတ်ဆို့မှုနှင့် သူတို့အမြင်အကြောင်း၊ ဂီတကို အချိန်ပြည့်လုပ်ခဲ့တဲ့သူတွေကို စံနမူနာယူပြီးလုပ်ကြရင် တစ်ချိန်ချိန်မှာ နေရာလေးတစ်ခုတော့ရမှာပါ လေးဖြူနှင့် လိုတိုဗျူး စသည့် ဖျော်ဖြေရေး ကဏ္ဍများ၊ ပြည်တွင်းသတင်းများ ဝေဝေဆာဆာဖြင့် ထွက်ရှိလာပြီဖြစ်သည်။

လျှပ်စစ်စွမ်းအင်လိုအပ်ချက်ပြည့်မီရန် ထိုင်းအစိုးရဆောင်ရွက်နေ၊ အီရန်နျူကလီးယားစက်ရုံသစ်ကို စစ်ရေးအတွက် အသုံးပြုနိုင်ဟု နျူစောင့်ကြည့်ရေးအဖွဲ့စိုးရိမ်နေ၊ ပါးစပ်သေနတ်ပစ်သည့် အမျိုးသမီးထိန်းသိမ်းခံရ၊ မှုခင်းရေးရာ ကဏ္ဍ၊ မွေးနေ့ရှင်အဆိုအမိန့်၊ ကျန်းမာရေးကဏ္ဍ၊ နည်းပညာကဏ္ဍ၊ စီးပွားရေးသုံးသပ်ဆောင်းပါးများ စုံလင်စွာပါရှိသည်။ ***(သတင်းစဉ်)***

ကွန်ကရစ်နှင့် မြေစမ်းသပ်ပစ္စည်းများ ဖြန့်ဖြူးရောင်းချ

ရန်ကုန် မတ် ၁၂

Amigos International Co., Ltd. မှ အီတလီ၊ အင်္ဂလန်နှင့် အမေရိကန်နိုင်ငံထုတ် Geotechnical Testing Equipment များ၊ သတ္တုတွင်းနှင့် ဘူမိဗေဒလုပ်ငန်းသုံး Geophysical Investigation Equipment များ၊ ဘူမိဗေဒလေ့လာရေးလုပ်ငန်းသုံး Geological Instrument များ၊ မြေသားနမူနာယူသည့် တွင်းတူးစက် Drilling Machine များ၊ Water Quality Testing Equipment များ၊ စိုက်ပျိုးရေး သုတေသနလုပ်ငန်းသုံး (Agri-tech) ပစ္စည်းများကို တင်သွင်းဖြန့်ဖြူး ရောင်းချလျက်ရှိသည်။



အထူးအသုံးဝင်

Amigos International Co., Ltd. မှ တင်သွင်းသော အီတလီနိုင်ငံထုတ် Tecnotest အမှတ်တံဆိပ် ပစ္စည်းများထဲတွင် မြေအားစမ်းသပ်သည့် Triaxial Machine, CBR, Direct Shear, Sieve များ၊ ဘိလပ်မြေနှင့် ကွန်ကရစ်အရည်အသွေးစမ်းသပ်သည့်ပစ္စည်းများ၊ ကတ္တရာအရည်အသွေးစမ်းသပ်သည့် ပစ္စည်းများ၊ ဘိလပ်မြေဖျော်စက်များ၊ မြေသားနှင့် ကွန်ကရစ် အရည်အသွေး စမ်းသပ်သည့် ဓာတ်ခွဲခန်းများ၊ လမ်း၊ တံတား အရည်အသွေး စစ်ဆေးသည့်ဌာနများ အတွက်အရေးပါသည့်စမ်းသပ်ပစ္စည်းများ၊ အမေရိကန်နိုင်ငံထုတ် GSSI အမှတ်တံဆိပ် ပစ္စည်းများသည် ကွန်ကရစ် အရည်အသွေးကို Non - Destructive method ဖြင့် စစ်ဆေးနိုင်ခြင်း၊ မီးရထားလမ်း၊ ကားလမ်းများမြေ၊ ကွန်ကရစ်အထူနှင့် ကြံ့ခိုင်မှုကို စစ်ဆေးနိုင်ခြင်း၊ မြေအောက်ရေရှာဖွေတိုင်းတာပေးနိုင်ခြင်းအစရှိသည့် အချက်များကြောင့် တည်ဆောက်ရေးလုပ်ငန်းများနှင့်အရည်အသွေးစစ်ဆေးရေးလုပ်ငန်းများတွင် အထူးအသုံးဝင်သော ပစ္စည်းများဖြစ်သည်။

အင်္ဂလန်နိုင်ငံထုတ် Palintest အမှတ်တံဆိပ်၊ Water Quality Testing Equipment များဖြစ်သည့် PH meter များ၊ EC meter များ၊ Dissolve Oxygen (DO) meter များ၊ Turbidity meter များ၊ TDS (Total Dissolve Solid) meter များသည် ရေ၏ အရည်အသွေးကို ဓာတုဗေဒနည်းဖြင့် တိုင်းတာပေးနိုင်သော ပစ္စည်းများဖြစ်ပြီး သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းမှုလုပ်ငန်း၊ မွေးမြူရေးနှင့် စိုက်ပျိုးရေးလုပ်ငန်း၊ သောက်သုံးရေ ရရှိရေးလုပ်ငန်းများတွင် အသုံးဝင်သည့်ပစ္စည်းများနှင့် မိုးလေဝသနှင့် ဇလဗေဒ၊ စိုက်ပျိုးရေးသုတေသန ပစ္စည်းများဖြစ်သော Eijkelkcamp အမှတ်တံဆိပ် Soil Auger များ၊ Water Level Indicator များ၊ ရေစီးနှုန်းတိုင်းတာသည့် Current meter များ၊ Tide Gauge များ၊ Rain Gauge များသည် စိုက်ပျိုးရေးလုပ်ငန်းများ၊ သုတေသနလုပ်ငန်းများ၊မိုးလေဝသနှင့် ဇလဗေဒတိုင်းတာရေး လုပ်ငန်းများတွင် အသုံးဝင်လှသော ပစ္စည်းများဖြစ်သည်။

ဝယ်ယူနိုင်

Amigos International Co., Ltd. မှ အဆိုပါပစ္စည်းများအတွက် တစ်နှစ်အာမခံပေးထားပြီး ဆက်သွယ်ရန်လိပ်စာ အမှတ် SH -၁၀၂ SH တိုက်တန်း သစ္စာဥယျာဉ်အိမ်ရာ သစ္စာလမ်း (၈)ရပ်ကွက် တောင်ဥက္ကလာပမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၆၄၅၁၇၊ ၅၆၄၅၂၀၊ ဖက်စ်-၀၁-၅၆၄၅၂၀ နှင့် www. amigomyanmar. com တို့သို့ ဆက်သွယ်မေးမြန်းဝယ်ယူနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြိတ်မြို့နယ်၌ လယ်ယာသန်းခေါင်စာရင်းကောက်ယူ

မြိတ် မတ် ၁၂

၂၀၁၀ခုနှစ် မြန်မာနိုင်ငံလယ်ယာသန်းခေါင်စာရင်း ကောက်ယူခြင်း လုပ်ငန်း၏နောက်ဆက်တွဲစာရင်းကောက်ယူခြင်းကို ဖေဖော်ဝါရီ ၂၄ ရက်က မြိတ်မြို့နယ်၌ ဆောင်ရွက်သည်။

ကြည့်ရှုစစ်ဆေး

ထိုသို့ဆောင်ရွက်ရာတွင် တနင်္သာရီတိုင်းဒေသကြီး မြေစာရင်းဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးအေးကို၊ ဒုတိယတိုင်းဒေသကြီး မြေစာရင်းဦးစီးဌာနမှူးများဖြစ်ကြသော ဦးသိန်းလွင်နှင့် ဦးဇော်ဝင်း၊ မြိတ်ခရိုင် မြေစာရင်းဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးဆန်းလင်းဦးတို့က မြိတ်မြို့နယ်စန္ဒဝတ်ကျေးရွာအုပ်စု မုရင်းငယ်ဖျားကျေးရွာ၌ လယ်ယာသန်းခေါင်စာရင်းကောက်ယူနေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။**(ဝဲပုံ)**

(မြို့နယ်မြေစာရင်း)

စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဦးလွန်းသိ မြန်မာ - တရုတ် ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့ ပိုက်လိုင်း စီမံကိန်း၊ ဧရာဝတီ မြစ်ဖြတ် ပိုက်လိုင်း အတွက် မြစ်ကြမ်းပြင်အောက်မှ Horizontal Directional Drilling Machine ဖြင့် စတင် တူးဖော်ပွဲ အခမ်းအနားတွင် စက်ခလုတ် နှိပ်၍ စတင်တူးဖော် ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

ဝန်ကြီး ဦးလွန်းသိ ဧရာဝတီမြစ်ဖြတ်ပိုက်လိုင်း စတင်တူးဖော်ပွဲ တက်ရောက်

ရန်ကုန် မတ် ၁၂

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသိသည် ဒုတိယဝန်ကြီး ဦးသန်းဌေးနှင့် တာဝန်ရှိသူများ၊ CNPC South East Asia Pipeline ကုမ္ပဏီလီမိတက် President Mr. Zhang Jinlin နှင့်အဖွဲ့ လိုက်ပါလျက် မတ် ၆ ရက် နံနက် ၁၁ နာရီခွဲက မြန်မာ-တရုတ် ရေနံစိမ်းနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်း၊ ဧရာဝတီမြစ်ဖြတ်ပိုက်လိုင်းအတွက် မြစ်ကြမ်းပြင်အောက်မှ Horizontal Directional Drilling Machine ဖြင့် စတင်တူးဖော်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ မြစ်ဖြတ်ပိုက်လိုင်းစီမံကိန်းကို ဆောင်ရွက်နေသော China Petroleum Pipeline Bureau မှ President ဖြစ်သူ Mr. Zhao Yujian က လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဖွင့်လှစ်

ထို့နောက် ဝန်ကြီးသည် မင်္ဂလာအချိန်တွင် Horizontal Directional Drilling Machine ကို စက်ခလုတ်နှိပ်၍ စတင်တူးဖော် ဖွင့်လှစ်ပေးသည်။

မြန်မာ-တရုတ် ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းနှစ်ခု တည်ဆောက်ရန်အတွက် မြစ်ကြမ်းပြင်အောက်မှ ဖြတ်သန်းဆက်သွယ်နိုင်ရေးအတွက် ဧရာဝတီမြစ်ကို မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ခံစုကျေးရွာအနီး ဧရာဝတီမြစ်အနောက်ဘက်ကမ်းမှစတင်၍ တူးဖော်ကာ ဧရာဝတီမြစ်၏ မြစ်ခွဲငယ်ကို အလျား ၂၃၅၁ပေနှင့် ဧရာဝတီမြစ်မကြီးကို အလျား ၅၀၁၇ ပေခန့် တူးဖော်ဖြတ်ကျော်ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လှည်းကူးမြို့နယ်၌ အလင်းရောင်စာကြည့်တိုက်ဖွင့် မီဒီယာပစ္စည်းများ ပေးအပ်လှူဒါန်း

လှည်းကူး မတ် ၁၂

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ရဲမွန်ကျေးရွာ အလင်းရောင်စာကြည့်တိုက်ဖွင့်ပွဲနှင့် မီဒီယာပစ္စည်းများ လှူဒါန်းပွဲကို မတ် ၅ရက် နံနက် ၉ နာရီက အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပရာ အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနေလင်းနှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဖြူဖြူတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ပေးအပ်လှူဒါန်း

ထို့နောက် စာကြည့်တိုက်အတွက် ငွေကျပ်တစ်သိန်းနှစ်သောင်းတန်ဖိုးရှိ ၂၁ လက်မရောင်စုံတီဗွီနှင့် အီးဗွီဒီစက်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကိုကလည်းကောင်း၊ ငွေကျပ်နှစ်သောင်းတန်ဖိုးရှိစာအုပ်စာစောင်များကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်စုစုလှိုင်ကလည်းကောင်း ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌ ဦးမျိုးဝင်းနှင့် စာကြည့်တိုက်မှူးတို့က လက်ခံယူခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

(၆၆)နှစ်မြောက် တပ်မတော်နေ့ ကြိုဆိုဂုဏ်ပြု ကျောက်ဆည်မြို့၌ ကတ္တရာလမ်းသစ်ဖွင့်

ကျောက်ဆည် မတ် ၁၂

(၆၆)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း အဖွဲ့၏ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော အေးမြကြည်လင်ရပ်ကွက် စိန်ပန်းပြာလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို အဆိုပါရပ်ကွက်မုခ်ဦး၌ မတ် ၉ ရက် နံနက် ၈ နာရီကကျင်းပရာ လမ်းသစ်ကို မြို့နယ်ဥက္ကဋ္ဌဦးအောင်ကျော်စိုးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးသိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)** အဆိုပါ ကတ္တရာလမ်းသစ်သည် အရှည်ပေ ၈၅၀၊ အကျယ် ၁၂ပေ ရှိကြောင်း သိရှိရသည်။

(မြို့နယ်စည်ပင်)

ဘီအေနှင့် အမ်ဘီအေ သင်တန်းများ တက်ရောက်နိုင်

ရန်ကုန် မတ် ၁၂

STI Education သည် အင်္ဂလန်နိုင်ငံတက္ကသိုလ်များမှ ချီးမြှင့်သည့် B.A (Hons) ဘွဲ့နှင့် MB.A ဘွဲ့လွန်အထိ သင်ကြားပေးလျက်ရှိသည်။ သင်တန်းများကို Full-time နှင့် Part-time နှစ်မျိုးခွဲခြားထားပြီး တက္ကသိုလ်ဝင်တန်း ဖြေဆိုအောင်မြင်ပြီးသူများအတွက် Full-time တက်ရောက်ရန်နှင့် လုပ်ငန်းခွင်ဝင်နေသူများမှာ Part-time တက်ရောက်ရမည်ဖြစ်သည်။

ပထမဦးဆုံးအစီအစဉ်

တက္ကသိုလ်ဝင်တန်း ဖြေဆိုအောင်မြင်သူများအနေနှင့်တက္ကသိုလ်အကြိုအောင်လက်မှတ်သင်တန်း၊ အင်္ဂလိပ်ဘာသာသင်တန်း၊ စီမံခန့်ခွဲမှုဆိုင်ရာဒီပလိုမာ၊ အဆင့်မြင့်ဒီပလိုမာနှင့် အင်္ဂလန်နိုင်ငံ တက္ကသိုလ်များ၏နောက်ဆုံးနှစ်အထိ တက်ရောက်နိုင်သည်။ အင်္ဂလန်နိုင်ငံ တက္ကသိုလ်များမှ ချီးမြှင့်သည့် B.A(Hons) အောင်မြင်ပြီးပါက MB.A ကို တိုက်ရိုက်တက်ရောက်နိုင်သည်။ ယင်းဘွဲ့များကို University of Sunderland, University of Wales နှင့် University of Bradford တို့မှ ချီးမြှင့်သွားမည်ဖြစ်သည်။ ယင်းအစီအစဉ်များသည် မြန်မာနိုင်ငံ၏ ပထမဦးဆုံးအစီအစဉ်ဖြစ်ပြီး STI ကျောင်းတစ်ခုတည်း၌သာရှိသည်။

အဆိုပါ သင်တန်းအမျိုးမျိုး၏ ရှင်းလင်းပွဲတစ်ရပ်ကို မတ် ၂၀ ရက် မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအတွင်း Traders Hotel ၌ ကျင်းပမည်ဖြစ်ရာ ကြိုတင်စာရင်းပေးသွင်း၍ တက်ရောက်နိုင်သည်။

စုံစမ်းမေးမြန်းနိုင်

စိတ်ပါဝင်စားသူများ အနေနှင့် STI Education တည်ရှိရာ အမှတ် ၃၇၇ ရွှေဘုံသာအထက်လမ်း ပန်းဘဲတန်းမြို့နယ်သို့လည်းကောင်း၊ အဆောင် ၄ အခန်း (၇) Myanmar InfoTech လှိုင်မြို့နယ်သို့လည်းကောင်း ဖုန်း- ၅၀၇၀၄၈နှင့် ၅၀၇၁၅၁တို့ထံသို့ စုံစမ်းမေးမြန်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

တစ်ချက်တည်း ကျင်းဝင်

နေပြည်တော် မတ် ၁၂

နေပြည်တော် တပ်မတော်ဂေါက်ကွင်း(ရေပြာ)၌ ဦးတင်မြင့် (ညွှန်ကြားရေးမှူး၊ ပြည်ထဲရေး)သည် ဖေဖော်ဝါရီ ၂၇ ရက် ညနေ ၅ နာရီခွဲတွင် ကစားဖော်များဖြစ်သော ဗိုလ်မှူးကြီး မြင့်ဝေ၊ ဦးကျော်ကျော်၊ ဦးဦးကျော်ဇံ၊ ဦးအောင်ဇေယျတို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် E.V (Presept -3) ဘောလုံးကို Taylor made (CGB Max)(Iron) No.9 တုတ်ဖြင့် ရိုက်လိုက်ရာ ၁၂၄ ကိုက်အကွာရှိ ကျင်းအမှတ်(၁၆)၌ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပုသိမ်မြို့ အမှတ်(၁၀)ရပ်ကွက် ပိတောက်ချောင်း - ကွက်ပြင်ကြီးလမ်းကို အငယ်တန်း အင်ဂျင်နီယာ-၂ ဦးဝင်းရာဇာထွန်းနှင့်အဖွဲ့ ကျောက်ချောခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို မတ် ၅ရက်က အမှုဆောင်အရာရှိ ဦးနေထက်ရှိန်နှင့်အင်ဂျင်နီယာမှူး ဦးစတင့်ဝေတို့ ကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

သင်္ကြန်အကြို KENBO ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယပွဲစဉ် ကျင်းပမည်

ရန်ကုန် မတ် ၁၂

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်ကြီးမှူး၍ Kenbo မှ အဓိကကူညီပံ့ပိုးသော ၂၀၁၁ခုနှစ် သင်္ကြန်အကြို KENBO ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ဒုတိယပွဲစဉ်ကို မတ် ၁၃ ရက်တွင် ပုသိမ်မြို့ ဧရာဝတီ ဂေါက်ကလပ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲတစ်ပွဲချင်းစီတွင် (အကျော့မဲ့)ပုံစံဖြင့် အကောင်းဆုံး အပျော်တမ်းကစားသမား ၁၀ဦးအား ရွေးချယ်ပြီး ဧပြီ ၇ ရက်နှင့် ၈ ရက်တွင် ရွှေမန်းတောင်ဂေါက်ကလပ်၌ ကျင်းပမည့် ဗိုလ်လုပွဲ၌ ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်သည်။ ကျန်အပျော်တမ်းပြိုင်ပွဲဝင်များနှင့် အမျိုးသမီးပြိုင်ပွဲဝင်များအား (System 36)ဖြင့်တွက်ချက်ပြီး ဆုများချီးမြှင့်မည်ဖြစ်သည်။

ဆုချီးမြှင့်မည်

အဆိုပါပြိုင်ပွဲကို စိန့်အင်ဒရူး ဥပဒေသအတိုင်းနှင့် ဒေသန္တရစည်းမျဉ်းများအတိုင်းကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲတွင် (Hole-In-One) ဆုရရှိသူအား Kenbo မော်တော်ဆိုင်ကယ် ဆုချီးမြှင့်မည်ဖြစ်သည်။

အဆိုပါ ၂၀၁၁ခုနှစ် သင်္ကြန်အကြို KENBO ဖလားဂေါက်သီးရိုက်ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် အပျော်တမ်းဂေါက်သီးရိုက်အားကစားသမားများ ပါဝင်ယှဉ်ပြိုင်ခွင့်မပြုကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်း ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေရရှိရေး (၁၉)ကြိမ်မြောက် အလှူငွေပေးအပ်ပွဲတွင် အလှူရှင်များထံမှ အလှူငွေများကို လက်ခံစဉ်။ (သတင်းစဉ်)

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်သိမ်း ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး (၁၉)ကြိမ်မြောက် အလှူငွေပေးအပ်ပွဲတွင် အလှူရှင်များထံမှ အလှူငွေများကို လက်ခံစဉ်။ (သတင်းစဉ်)

● *ရှေ့ဖုံးမှ*

ငွေကျပ် ၂၅ သိန်းတို့ကို လှူဒါန်းကြရာ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်သိမ်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် စည်ပင်သာယာရေးဘဏ်လီမိတက်က ငွေကျပ် သိန်း ၄၀၀၊ မြန်မာ့မွေးမြူရေးနှင့်ရေလုပ်ငန်း ဖွံ့ဖြိုးရေးဘဏ်လီမိတက်က ငွေကျပ် သိန်း ၃၀၀၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်သိမ်း၊ ဇနီး ဒေါ်မြင့်မြင့်အေးမိသားစုက ငွေကျပ် သိန်း ၁၀၀၊ ဦးတင့်ဆန်း (အေစီအီးကုမ္ပဏီလီမိတက်)က ငွေကျပ် သိန်း ၅၀၊ Europe & Asia Commercial Co., Ltd. က ငွေကျပ် သိန်း ၅၅၀၊ ဦးချစ်ထွန်းက ငွေကျပ် ၃၃ ဒသမ ၄၆ သိန်း၊ Original Group Co., Ltd. က ငွေကျပ် သိန်း ၃၀ တို့ကို လှူဒါန်းကြရာ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ မက်စ်မြန်မာကုမ္ပဏီအုပ်စု ဦးဝင်းနိုင်-ဒေါ်သန်းသန်းဆွေ (WEG ကုမ္ပဏီ)၊ ဦးညိုမင်းမိသားစု မန်နေဂျင်းဒါရိုက်တာ မင်းဇာနည်ကုမ္ပဏီလီမိတက်၊ ဦးမြင့်ခိုင်-ဒေါက်တာနုနုဝင်း မိသားစု၊ Great International Fisheries Ltd.၊ အေဝမ်းဆောက်လုပ်ရေးကုမ္ပဏီတို့က ငွေကျပ် သိန်း ၃၀စီ၊ တီဇက်တီအမ်ကုမ္ပဏီနှင့် မိုးကြယ်စင်ကုမ္ပဏီတို့က ငွေကျပ် ၂၅ သိန်းစီတို့ကို လှူဒါန်းကြရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် Htoo Trading Co., Ltd.၊ ဦးမျိုးအောင်-ဒေါ်မျိုးမျိုးမင်း၊ ယုပန်းမြိုင်မြေယာရှုခင်းကုမ္ပဏီ၊ အင်းစိန်ဈေးသူဈေးသားများနှင့် ဓမ္မ မိတ်ဆွေများပါဝင်သော မေတ္တာနဒီအဖွဲ့၊ မိခင်ကြီး ဒေါ်ဝင်းကြည်အားရည်စူး၍ ဦးဝင်းတင်-ဒေါ်အေးငြိမ်း၊ သမီး မဇွန်သစ်ဝင်းတို့က ငွေကျပ် ၂၅ သိန်းစီ၊ ဦးစိုင်းတစ်အောင်၊ နောင်တုံကုမ္ပဏီ၊ Moon Ray ကုမ္ပဏီ၊ ဦးသိန်းအောင်၊ သိဏ်းကုမ္ပဏီတို့က ငွေကျပ် သိန်း ၂၀စီ တို့ကိုလှူဒါန်းကြရာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးစိုးနိုင်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

ထို့နောက် ရွှေတောင်ကုမ္ပဏီ ဦးမိုးမြင့်ကျော်နှင့် ဇနီးမိသားစု၊ မန်နေဂျင်းဒါရိုက်တာ၊ Myanmar Makro Co., Ltd.၊ တနင်္သာရီတိုင်းဒေသကြီး ရေလုပ်ငန်းရှင်များအဖွဲ့က ငွေကျပ် သိန်း ၂၀စီ၊ Myanmar Land & Development Co., Ltd.၊ ဦးချစ်ခိုင် ဇေဒင်အုပ်စုကုမ္ပဏီ၊ တက်လမ်းကုမ္ပဏီတို့က ငွေကျပ် ၁၅ သိန်းစီ၊ ဒိုင်းမွန်းမာကျူရီကုမ္ပဏီ (ဦးထွန်းစိန်) - ဒေါ်စန်းမြိုင်မိသားစု၊ ကွယ်လွန်သူ ဦးတင်အေးအား ရည်စူး၍ မိခင်ဒေါ်တင်ရွှေနှင့် သားသမီးများ၊ ဒေါ်သန်းနွဲ့၊ ဒုတိယဗိုလ်မှူးကြီးအောင်မြင့်သွင် (ငြိမ်း) - ဒေါ်တင်တင်ဌေး၊ ဒုတိယဗိုလ်မှူးကြီး ခင်မောင်ဇော်(ငြိမ်း)၊ ဒေါက်တာယုယုကြည်၊ မယဉ်မျိုးအေးသန်း မိသားစုတို့က ငွေကျပ် ၁၀ သိန်းစီတို့ကို လှူဒါန်းကြရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ဦးစိုင်းလုံးကျောက်-ဒေါ်နန်းကောင်ခမ်းဖူး ထာဝရရှမ်းစားသောက်ဆိုင်၊ တရားရေးအရာရှိများလုပ်ငန်းဝင်သင်တန်းအမှတ်စဉ်(၄) သင်တန်းဆင်းများ၏ ငွေရတုအထိမ်းအမှတ်၊ ကွယ်လွန်သူ ဦးဆော်လမွန်၊ ဦးလေးမြင့်-ဒေါ်ညိုလေးတို့အား ရည်စူး၍ ကျန်ရစ်သူမိသားစု၊ ပုသိမ်မြို့ ဦးသိန်းရွှေ သိန်းမြန်မာမွေ့ရာဆိုင်နှင့် ဟိုတယ်မိုတယ်ခန်းဆီးဒီဇိုင်းစုံချုပ်လုပ်ငန်း၊ ကွယ်လွန်သူဖခင်ကြီးကပ္ပတိန် ဦးတင်အေးအား ရည်စူး၍ ဇနီး ဒေါ်ရင်ရင်အုန်းနှင့် သားသမီးမြေးတို့က ငွေကျပ် ၁၀ သိန်းစီ၊ မောင်သစ်ထွန်းလင်းအား ရည်စူး၍ ဦးဉာဏ်လင်း-ဒေါ်စိန်ငွေ မိသားစုက ငွေကျပ် ခြောက်သိန်း၊ ဦးငွေအောင် MD, Orchid Hotel နှင့် ဟိုတယ်ဝန်ထမ်းများက ငွေကျပ် ငါးသိန်းကို လှူဒါန်းကြရာ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးလှမြင့်ဦးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ဦးဘဇံ-ဒေါ်တီတီ၊ သားကြီး ကိုအောင်ကျော်ဇံ၊ သားငယ် ကိုမောင်မောင်ဇံ၊ သမီး မစုမွန်ဇံ၊ မိဘများအား အမှူးထား၍ ဗိုလ်မှူးထွန်းအောင်(လေ-ငြိမ်း)၊ ဒေါ်ကြည်ကြည်ယဉ်မိသားစု၊ ကြီးကြီး ဒေါ်ကြည်လှိုင်၊ ဖခင်ဦးလှညွန့်၊ မိခင် ဒေါ်ခင်မြိုင်တို့အား ရည်စူး၍ သမီး ဒေါ်ခင်စန်းနွယ်နှင့် ညီမတစ်စု၊ ခရမ်းပြာမြေယာရှုခင်းကုမ္ပဏီ၊ သော်တာဝင်းကုမ္ပဏီ၊ မိဘနှစ်ပါးအား ရည်စူး၍ သမီးဒေါ်အေးသန်း(ကျိုက်လတ်မြို့)၊ မိခင်ကြီးဒေါ်လှကျွေ၊ သမီး ဒေါ်ခင်ညို၊ သား ဦးကိုကိုနိုင်၊ ညွှန်ကြားရေးမှူး၊ စည်ပင်သာယာရေးဦးစီးဌာန၊ သမီး ဒေါက်တာခင်ဆွေဦး၊ သားသမီးမြေးများ မိသားစု၊ နေပြည်တော်သစ်သယ်ယူအဖွဲ့၊ ရွှေသပြေကုမ္ပဏီတို့က ငွေကျပ် ငါးသိန်းစီတို့ကို လှူဒါန်းကြရာ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ကျော်ကလက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

လှူဒါန်း

ထို့နောက် ဒေါက်တာဇော်ထွန်း၊ Universal ဆောက်လုပ်ရေးကုမ္ပဏီ၊ ဦးနော်အောင်၊ အောင်ချမ်းသာ Construction & Services Co.,Ltd. မန်းပြည်တံခွန်ကုမ္ပဏီ၊ ဦးလရောင်(ညွှန်ကြားရေးမှူး)-ဒေါ်သန်းသန်းရီ၊ သား ဗိုလ်ကြီးအာကာလရောင်၊ သား ဗိုလ်လောင်းဇာနည်လရောင်မိသားစု၊ ဦးထွန်းထွန်းသိန်း၊ ဇမ္ဗူထွန်းမြေယာရှုခင်းကုမ္ပဏီတို့က ငွေကျပ် ငါးသိန်းစီ၊ မိဘများအားအမှူးထား၍ ဦးဝင်းမြင့်-ဒေါ်နှင်းစန္ဒာထွန်း၊ သမီး သျှင်သံစဉ်စံ၊ ထိုက်သူပန်မြေယာရှုခင်းအဖွဲ့၊ ပန်းသခင်မြေယာရှုခင်းအဖွဲ့တို့က ငွေကျပ်သုံးသိန်းစီလှူဒါန်းကြရာ နယ်စပ်ဒေသနှင့်တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယနေ့ကျင်းပသည့် ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေရရှိရေး (၁၉)ကြိမ်မြောက် အလှူငွေပေးအပ်ပွဲတွင် အလှူရှင် ၈၂ ဦးတို့က အလှူငွေစုစုပေါင်း ငွေကျပ် ၂၆၆၂ ဒသမ ၄၉ သိန်းတို့ကို ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။

ယင်းနောက် အလှူရှင်များကိုယ်စား Original Group Co.,Ltd. မှ ဦးသာဌေးက ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေရရှိရေး အတွက် လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းတင်ပြသည်။

ကျေးဇူးတင်

ဆက်လက်၍ ဝန်ကြီး ဦးသိန်းညွန့်က အမှာစကားပြောကြားရာ၌ စည်ပင်သာယာရေးအဖွဲ့များ၏ အဓိကလုပ်ငန်းတာဝန်များအဖြစ် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီးငါးရပ်မှ ကျေးလက်ဒေသလမ်းပန်းဆက်သွယ်မှု ချောမွေ့ကောင်းမွန်ရေးနှင့် ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေရရှိရေးတာဝန်ကို ပေးအပ်ထားပြီး ၁၀ နှစ်စီမံကိန်းကို ၂၀၀၀-၂၀၀၁ ဘဏ္ဍာရေးနှစ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် နိုင်ငံတော်ထောက်ပံ့ငွေ၊ စည်ပင်သာယာရေးအဖွဲ့များ၏ ရန်ပုံငွေအပြင် စေတနာရှင်ပြည်သူများမှ လှူဒါန်းငွေ၊ လူမှုရေးအသင်းအဖွဲ့များနှင့် နိုင်ငံတကာလူမှုရေး အသင်းအဖွဲ့များမှ ဝိုင်းဝန်း ကူညီဆောင်ရွက်လျက်ရှိကြောင်း၊ အပူပိုင်းဒေသတွင် ရေရရှိရေး ဆောင်ရွက်နေသကဲ့သို့ အခြားရေခက်ခဲသော တိုင်းဒေသကြီး/ ပြည်နယ်များနှင့် မြစ်ဝကျွန်းပေါ်ဒေသ၊ ကမ်းရိုးတန်းရေငန်ဒေသများပါမကျန် သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် စည်ပင်သာယာရေးအဖွဲ့များက ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပထမဦးစားပေးအဖြစ် ကျေးရွာတစ်ရွာလျှင် စက်ရေတွင်းတစ်တွင်းစီ ဆောင်ရွက်ပေးနိုင်ပြီးဖြစ်ကြောင်း၊ လူမှုဖူလုံရေးအတွက် စက်ရေတွင်းများကို တစ်တွင်းမှ နှစ်တွင်း၊ သုံးတွင်းအထိ ဆက်လက်တူးဖော်ပေးလျက်ရှိကြောင်း၊ စေတနာရှင်အလှူရှင်များ၏ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးမှုကို နိုင်ငံတော်ကိုယ်စား ကျေးဇူးတင်ရှိကြောင်းဖြင့် ပြောကြားသည်။

အလှူငွေပေးအပ်ပွဲ အခမ်းအနားအပြီးတွင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အလှူရှင်များသည် ခင်းကျင်းပြသထားသည့် ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး ဓာတ်ပုံမှတ်တမ်းများကို ကြည့်ရှုအားပေးကြသည်။

ယခုအခါ အပူပိုင်းဒေသတိုင်းဒေသကြီးသုံးတိုင်းမှ ကျေးရွာ ၈၀၄၂ ရွာနှင့် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကျေးရွာ ၁၅၁၈၃ ရွာတို့ကို သောက်သုံးရေရရှိအောင် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ရာ ကျေးရွာပေါင်း ၂၃၂၂၅ ရွာတို့ကို ရာခိုင်နှုန်းပြည့် သန့်ရှင်းသော သောက်သုံးရေရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း။

ဆက်လက်ဆောင်ရွက်

စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရန် ကျေးလက်ရေပေးရေးလုပ်ငန်းများအတွက် အဖွဲ့ရန်ပုံငွေမှ ၂၀၀၀-၂၀၀၁ ဘဏ္ဍာရေးနှစ်မှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အထိ စုစုပေါင်း ငွေကျပ် ၁၀၄၈၅ ဒသမ ၂၀ သန်း သုံးစွဲခဲ့ပြီး ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၂၅၃၂ ဒသမ ၀၈ သန်း လျာထားသုံးစွဲလျက်ရှိကြောင်း၊ ကျေးလက်ရေရရှိရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ အပူပိုင်းဒေသ တိုင်းဒေသကြီးသုံးတိုင်းဖြစ်သည့် စစ်ကိုင်းတိုင်းဒေသကြီးတွင် ၃၄ မြို့နယ်၊ မကွေးတိုင်းဒေသကြီးတွင် ၂၅ မြို့နယ်၊ မန္တလေးတိုင်းဒေသကြီးတွင် ၂၃ မြို့နယ်၊ စုစုပေါင်းမြို့နယ် ၈၂ မြို့နယ်တွင် မြို့နယ်လုံးကျွတ် ကျေးရွာများအားလုံး သန့်ရှင်းသော သောက်သုံးရေရရှိအောင် ဆောင်ရွက်နိုင်ခဲ့သကဲ့သို့ ခရိုင် ၁၉ ခရိုင်ကို ခရိုင်လုံးကျွတ်ကျေးရွာတစ်ရွာလျှင် စက်ရေတွင်းတစ်တွင်းနှုန်းဖြင့် သန့်ရှင်းသော သောက်သုံးရေရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း၊ သန့်ရှင်းသော သောက်သုံးရေဖူလုံစေရန် ကျေးရွာတစ်ရွာလျှင် စက်ရေတွင်း တစ်တွင်းမှ နှစ်တွင်း၊ နှစ်တွင်းမှသည် သုံးတွင်းရရှိအောင် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်စာစောင်များလှူဒါန်း

ပြည် မတ် ၁၂

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပဲခူးတိုင်းဒေသကြီးအတွင်း စံ(၅)ချက်ညီ ကျေးရွာစာကြည့်တိုက်များ ဖြစ်ပေါ်ရေး ဆောင်ရွက်လျက်ရှိရာ မတ် ၁၀ ရက်က ပြည်မြို့ ယာဉ်ထိန်းရဲတပ်ဖွဲ့ရုံး၌ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ တာဝန်ခံ ဒုတိယရဲမှူးမြတ်ဦးက (၆၆)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တန်ဖိုးငွေကျပ် သုံးသိန်းသုံးသောင်းဖိုးရှိ စာအုပ် စာစောင်မျိုးစုံ ၃၅၅ အုပ်ကို လှူဒါန်းရာ ပဲခူးတိုင်းဒေသကြီး ဦးစီးမှူး ဦးတင်အောင်ညွန့်နှင့် ပြည်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဘဏ္ဍာရေးမှူး ဦးရွှေဝင်းတို့ လက်ခံယူပြီး**(အပေါ်ပုံ)** တိုင်းဒေသကြီးဦးစီးမှူးက ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

(တိုင်းဒေသကြီး ပြန်/ဆက်)

အမျိုးသမီးတစ်ဦး မိုးကြိုးထိမှန်သေဆုံး

ရန်ကုန် မတ် ၁၂

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ကုလားဝဲကျေးရွာတွင် မတ် ၁၁ ရက် မွန်းလွဲ ၂ နာရီခွဲက မိုးသည်းထန်စွာ ရွာသွန်းပြီး လေပြင်းများ တိုက်ခတ်ခဲ့ရာ မိုးသည်းထန်စွာ ရွာသွန်းချိန်တွင် အဖ ဦးလှသိန်း၏သမီး ဒေါ်ဝေဝေ အသက် ၄၀ သည် ၎င်း၏အိမ်ရှေ့ရှိ ခေါက်ဆွဲအသုပ်ဆိုင်တွင် ပန်းကန်ဆေးနေစဉ် ခြံဝင်းအတွင်းရှိ ကုက္ကိုပင်အား မိုးကြိုးထိမှန်ပြီးနောက် ၎င်းကိုလည်း မိုးကြိုးထိမှန်ကာ သေဆုံးခဲ့ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

နေပြည်တော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့ပတ်လမ်းတစ်လျှောက် မြေယာရှုခင်းဆောင်ရွက်ထားရှိမှုကို ဖေဖော်ဝါရီ ၂၈ ရက်က ဧရာဝတီတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင် စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဌေးလှိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇေယျာဇော်မျိုးတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

(၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ

တတိယနေ့ ဆက်လက်ကျင်းပ

နေပြည်တော် မတ် ၁၂

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူးကျင်းပသော (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ တတိယမြောက်နေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်အနီး မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်တွင်းပြည်ပ ရတနာကုန်သည်များနှင့် စိတ်ဝင်တစား လာရောက်ကြည့်ရှုလေ့လာသူများဖြင့် အထူးစည်ကားလျက်ရှိသည်။ (အောက်ပုံ)

ကြည့်ရှုလေ့လာ

မြန်မာ့ကျောက်မျက်ရတနာပြပွဲ တတိယမြောက်နေ့ နံနက် ၈ နာရီခွဲတွင် ပြည်သူ့လွှတ်တော် ဒုတိယ ဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ ဦးဆောင်၍ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့မှ လွှတ်တော်ကိုယ်စားလှယ်များသည် မဏိရတနာကျောက်စိမ်းခန်းမ အနီးရှိ ကျောက်စိမ်းဥယျာဉ် တည်ဆောက်ဖွင့်လှစ်ထားရှိမှု၊ မဏိရတနာကျောက်စိမ်းခန်းမအတွင်း ကျောက်စိမ်းအတွဲများ ခင်းကျင်းရောင်းချနေမှု၊ မြန်မာ့ကျောက်မျက်ရတနာပြပွဲများ ခင်းကျင်းရောင်းချမှု မှတ်တမ်းတင်ဗီဒီယိုနှင့် မဏိရတနာကျောက်စိမ်းခန်းမ တည်ဆောက်ဖွင့်လှစ်မှု မှတ်တမ်းတင်ဗီဒီယိုတို့ကို ကြည့်ရှုလေ့လာကြသည်။

ထို့မှတစ်ဆင့် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ပြပွဲဗဟိုကော်မတီ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများလိုက်ပါလျက် မြန်မာ့ကျောက်မျက်ရတနာပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ကျောက်မျက်အတွဲများ၊ ပုလဲအတွဲများကို တင်ဒါစနစ်ဖြင့် ရောင်းချနေမှု၊ ရတနာပစ္စည်း အရောင်းဆိုင်များနှင့် ကျောက်မျက်ရတနာပြတိုက်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

အလားတူ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းနှင့် ပြည်တွင်း ပုလဲကုမ္ပဏီများ၏ ပုလဲအတွဲများကို နံနက် ၉ နာရီမှ ၁၁ နာရီအထိ တင်ဒါစနစ်ဖြင့် ရောင်းချရာ ပုလဲအတွဲပေါင်း (၇၅)တွဲနှင့် မွန်းလွဲပိုင်းတွင် ဈေးပြိုင်စနစ်ဖြင့် ရောင်းချရာ ပုလဲအတွဲပေါင်း (၃၀) ရောင်းချခဲ့ရပြီး တန်ဖိုးငွေအများဆုံး ဝယ်ယူသည့် ဂျပန်နိုင်ငံမှ ပုလဲကုန်သည် Mr. Javen Praful Shantich- and အား ပြပွဲဗဟိုကော်မတီ အတွင်းရေးမှူး ဦးသိန်းဆွေက ဂုဏ်ပြုလက်ဆောင်ပေးအပ်သည်။

ရောင်းချပေး

ပုလဲအတွဲများကို တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် မတ် ၁၀ ရက်မှ ၁၂ ရက်အထိ ရောင်းချခဲ့ရာ စုစုပေါင်း ပုလဲအတွဲ (၂၅၃)တွဲ ရောင်းချခဲ့ရကြောင်းနှင့် ကျောက်မျက်အတွဲများကို တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် မတ် ၁၃ရက်တွင် ဆက်လက်ရောင်းချပေးမည်ဖြစ်ကြောင်း သိရှိရသည်။

နေပြည်တော်၌ ဒုတိယအကြိမ်ကျင်းပသည့် (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မဏိရတနာ ကျောက်စိမ်းခန်းမ၌ မတ် ၂၂ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့မှ လွှတ်တော်ကိုယ်စားလှယ်များ မဏိရတနာကျောက်စိမ်းခန်းမအတွင်း ကျောက်စိမ်းအတွဲများ ခင်းကျင်းရောင်းချနေမှုကို ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၃-၃-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
- ၇:၅၀ ၅။ သံသာချိုအေး မင်္ဂလာတေး
- ၈:၀၀ ၆။ **သက်ရှည်ကျန်းမာလေ့ကျင့်ပါ**
- ၈:၁၀ ၇။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
- ၈:၂၅ ၈။ (၆၆)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၈:၄၀ ၉။ **International News**
- ၈:၄၅ ၁၀။ တေးဂီတအစီအစဉ်

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၂၀ ၃။ တစ်ပတ်အတွင်းနိုင်ငံတကာသတင်းစဉ်
- ၁၁:၃၀ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်ကြိုးတစ်မျှင်** (အပိုင်း-၂၄)
- ၁၂:၃၀ ၅။ **Golf Magazine (TV)**
- ၁၂:၅၀ ၆။ မြန်မာရုပ်ရှင် **မေတ္တာကိုယ်စား နှင်းပဲ့မယ်** ခင်မောင်ထွေး၊ တင်တင်လှ၊ မြင့်မြင့်ခိုင် (ဒါရိုက်တာ-မောင်စိန်သော်)
- ၁၄:၄၀ ၇။ အကပြိုင်ပွဲ
- ၁၄:၅၀ ၈။ **International News**

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၀၅ ၂။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၄:၁၀ ၃။ တေးဂီတအစီအစဉ်
- ၄:၂၀ ၄။ တပ်မတော်နေ့ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲဆုရတေးများ
- ၄:၃၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (အင်္ဂလိပ်စာမှလွဲ၍ အထူးပြုအားလုံး) (အင်္ဂလိပ်စာ)
- ၄:၅၀ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၅၅ ၇။ (၆၆)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၅:၀၅ ၈။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၅:၄၀ ၉။ **ကမ္ဘာမှာထင်ရှား ဂုဏ်ယူဝင့်ကြွား မြန်မာ့ကျောက်မျက်ရတနာများ**
- ၆:၀၀ ၁၀။ ညနေခင်းသတင်း
- ၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၂။ ကာတွန်းအစီအစဉ် **ကွမ်တမ်မင်း** (အပိုင်း-၁၂)
- ၆:၄၀ ၁၃။ တစ်မျက်နှာတစ်ကွက်စာ **မနှောင်းသေးပါ** မိုးထက်ပိုင်၊ ကေကေမိုးမြင့် (ဒါရိုက်တာ-လင်းထွဋ်မောင်)
- ၇:၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **စမ်းရေပမာ** (အပိုင်း-၃၀)
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** (အပိုင်း-၁၀၇)
- ၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကွန်ဖူးချစ်သူ** (အပိုင်း-၁၄)
- ၂၀။ **ရင်လှိုင်းခတ်သံ တေးသီဟန်**

အောက်ပိုင်းဒေသများ မိုးဆက်လက်ရွာနိုင်

နေပြည်တော် မတ် ၁၂

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ရန်ကုန်တိုင်းဒေသကြီးတွင် နေရာအနှံ့အပြား၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် မတ်လ၏ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မတ် ၁၃ ရက် ညနေအထိခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

◆ *ကျောဖုံးမှ*

ယခုတိုင် ပျောက်ဆုံးနေဆဲဖြစ်သည်။ ကမ်းခြေဒေသတစ်လျှောက် ပြေးဆွဲနေသော ရထားလေးစင်းအဆက်အသွယ် ပြတ်တောက်ခဲ့ပြီး ယင်းတို့အနက် ကျည်ဆန်ရထားနှစ်စင်းပါဝင်ကာ တစ်စင်းမှာ ခရီးသည် ၄၀၀ ခန့် တင်ဆောင်ထားသည့် ကျည်ဆန်ရထားဖြစ်သည်။

ဆန်ဒိုင်းမြို့တွင် များစွာသော မြို့နေပြည်သူများမှာ ရွှံ့နှစ်ရည်များပါရှိလာသော ဆူနာမီရေလှိုင်းများဘေးမှ လွတ်မြောက်ရန်ပြေးခဲ့ကြသော်လည်း မလွတ်မြောက်နိုင်ဘဲ သေဆုံးခဲ့ကြရသည်။ ၎င်းမြို့တွင် တံတားများလည်း ပျက်စီးခဲ့ပြီး ဟိုတယ်တစ်လုံးလည်း ဆူနာမီကြောင့် ပြိုသွားခဲ့သည်။ ဆန်ဒိုင်းမြို့၌ သေဆုံးသူဦးရေ ရာပေါင်းများစွာ ရှိခဲ့သည်။

တစ်ဖန် ဖူကူရှီးမားမြို့ရှိ နျူကလီးယားစက်ရုံမှာ ငလျင်ဒဏ်ကြောင့် အအေးပေးစနစ် ချွတ်ယွင်းပြီး အပူချိန်မြင့်တက်မှုကြောင့် ရေဒီယိုသတ္တိကြွမှု အနေအထားမှာ ပုံမှန်ထက် အဆ ၁၀၀၀ အထိ မြင့်တက်ခဲ့သည်။ အခြား နျူကလီးယားစက်ရုံ သုံးရုံမှ ဓာတ်ပေါင်းဖို ၁၀ ခုမှာ ပုံမှန်အနေအထားမရှိတော့သဖြင့် ဓာတ်အားမထုတ်နိုင်ဘဲ ဖြစ်လျက်ရှိသည်။ ထို့အတူ ဂျပန်နိုင်ငံအရှေ့မြောက်ပိုင်းရှိ နျူကလီးယားဓာတ်အားပေးစက်ရုံတစ်ရုံ၌ ငလျင်ဒဏ်ကြောင့် တာဘိုင်တစ်ခု မီးလောင်ခဲ့သည်။ ထို့ကြောင့် တိုကျိုမြို့တွင် ပြည်သူလေးသန်းခန့် လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုနှင့် ကြုံတွေ့ခဲ့ရသည်။

ရေထဲမျောပါ

ထို့အပြင် မီယာဂီမြို့တွင် ငလျင်ဒဏ်ကြောင့် စူပါမားကက်တစ်ခု ပြိုကျခဲ့ပြီး သေဆုံးမှု၊ ဒဏ်ရာရမှုများ ဖြစ်ပေါ်ခဲ့သလို ဖူကူရှီးမားမြို့ အရှေ့မြောက်ပိုင်း၌ ငလျင်ကြောင့် ဆည်တမံတစ်ခု ပြိုကျခဲ့သဖြင့် နေအိမ်များစွာ ရေထဲမျောပါ ပျက်စီးခဲ့ရသည်။

ဂျပန်နိုင်ငံတစ်ဝန်း ငလျင်ဒဏ်ကြောင့် မိုဘိုင်းလ်ဖုန်းနှင့် အင်တာနက် ချိတ်ဆက်မှုများ ပြတ်တောက်သွားခဲ့ပြီး လေကြောင်းခရီးစဉ်အများအပြား ဖျက်သိမ်းခဲ့ရသည်။ ဆူနာမီရေလှိုင်းကြောင့် ဂျပန်နိုင်ငံ အရှေ့ပိုင်းကမ်းရိုးတန်းတစ်လျှောက် မိုင် ၁၃၀၀ ခန့်ရှိ မြို့များနှင့် မြို့ငယ်များ အားလုံးနီးပါး ထိခိုက်ပျက်စီးခဲ့ရသည်။ အထူးသဖြင့် ဆန်ဒိုင်းမြို့ နေရာအများအပြားတွင် ဆက်သွယ်ရေးလိုင်းများ ပြတ်တောက်သွားခဲ့ရာ မြို့နေလူများ ဖုန်းဆက်သွယ်မှု အခက်အခဲနှင့် ရင်ဆိုင်ခဲ့ရသည်။

ကယ်ဆယ်ခဲ့ရ

ဂျပန်နိုင်ငံ အရှေ့မြောက်ပိုင်း ဟီတာချီဆိပ်ကမ်းတွင် ရပ်နားထားသော မော်တော်ယာဉ်အများအပြား မီးလောင်ခဲ့သည်။ ထို့အတူ ဟွန်ရှူးကျွန်း အရှေ့ဘက်ကမ်းခြေဒေသတွင် နေအိမ် ၃၆၀၀ ခန့် ပျက်စီးခဲ့ပြီး ဝါတာရီမြို့ စာသင်ကျောင်းခေါင်မိုးပေါ်မှ ဘေးဒုက္ခရောက်နေသူများကို ရဟတ်ယာဉ်ဖြင့် ကယ်ဆယ်ခဲ့ရသည်။ ထို့အပြင် ဆူနာမီရေလှိုင်းများက ပင်လယ်ပြင်သို့ ဆွဲချသွားခဲ့သော သင်္ဘောတစ်စင်းပေါ်မှ ခရီးသည် ၈၁ ဦးအား ရဟတ်ယာဉ်ဖြင့် ကယ်ဆယ်ခဲ့ရသည်။

ဂျပန်စစ်ဘက်က အကူအညီပေးရေးတပ်ဖွဲ့ဝင် ၅၀၀၀ နှင့်အတူ လေယာဉ်များ စေလွှတ်ပြီး ငလျင်ဒဏ် ကြုံတွေ့နေရသောဒေသများသို့ စေလွှတ်ကာ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ် ဂျပန်နိုင်ငံ ဟွန်ရှူးကျွန်း အရှေ့ဘက်ကမ်းလွန်တွင် မတ် ၁၂ ရက်က ရစ်ချ်တာစကေး ၅ ဒသမ ၃ ရှိ ငလျင် ထပ်မံလှုပ်ခဲ့ပြန်သည်။ ဂျပန်နိုင်ငံ မြောက်ပိုင်းနှင့် အရှေ့ပိုင်းတို့တွင် ငလျင်ဒဏ် ကြုံတွေ့ရသူ ၂၁၅၀၀၀ ကျော်တို့ အရေးပေါ် ရွှေ့ဖြင့်တဲများနှင့် နေထိုင်ကြရသည်။

ကမ္ဘာ့နိုင်ငံပေါင်း ၄၅ နိုင်ငံမှ အကူအညီပေးရေး အဖွဲ့များကလည်း ဂျပန်အစိုးရ၏ အကူအညီတောင်းဆိုမှုကို စောင့်ဆိုင်းလျက် ကူညီပေးရန် အသင့်ရှိနေကြကြောင်း သိရှိရသည်။

(အင်တာနက်)

ဂျပန်နိုင်ငံ မြောက်ပိုင်း ဆူကာဂါဝါမြို့တွင် ငလျင်ဒဏ်ကြောင့် စက်ရုံအဆောက်အအုံတစ်ခု ဤသို့ ပြိုကျပျက်စီးခဲ့သည်။

ပါကစ္စတန်လေ့လာရေးအဖွဲ့ ပြန်လည်ထွက်ခွာ

ရန်ကုန် မတ် ၁၂

ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ Pakistan Naval War College, 40th Pakistan Navy Staff Course မှ Commodore Ather Mukhtar ဦးဆောင်သော နည်းပြနှင့် သင်တန်းသားများ ပါဝင်သည့် လေ့လာရေးအဖွဲ့ဝင်များသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ သာကေတမြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာသို့ သွားရောက်ကြည့်ရှုလေ့လာကြပြီး ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားကြသည်။

အဆိုပါ ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ လေ့လာရေးအဖွဲ့ဝင်များသည် မတ် ၈ ရက် နံနက် ၉ နာရီတွင် မြန်မာနိုင်ငံ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိကြပြီး ရန်ကုန်၊ နေပြည်တော်၊ တောင်ကြီးမြို့တို့၌ လေ့လာခဲ့ကြသည်။ **(သတင်းစဉ်)**

ချီးမြှင့်

ရွှေပြည်သာမြို့နယ် အမှတ် (၄၂)အခြေခံပညာမူလတန်းကျောင်း ၂၀၁၀-၂၀၁၁ ပညာသင်နှစ်သင်ယူပြီးမြောက်ခြင်း လက်မှတ်ချီးမြှင့်ပွဲ အခမ်းအနားကို မတ် ၄ ရက်က အဆိုပါ ကျောင်းခန်းမ၌ကျင်းပရာ စတုတ္ထတန်းကျောင်းသူ မဆုသံစဉ် အား ကျောင်းအုပ်ဆရာကြီး ဦးညွန့်လွင် ဆုချီးမြှင့်စဉ်။ (ပညာရေး)

ပေ ၁၈၀အထက် (၂၆၀) မြောက် ထူးချောင်းတံတား တောင်ငူ-မော်ချီး-လွိုင်ကော်လမ်းပေါ် ၌ဖွင့်

နေပြည်တော် မတ် ၁၂

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း (ကယားပြည်နယ်)က တာဝန်ယူတည်ဆောက်ပြီးစီးခဲ့သော ဘောလခဲခရိုင် ဖာဆောင်းမြို့နယ် တောင်ငူ-မော်ချီး-လွိုင်ကော်လမ်းပေါ်ရှိ ထူးချောင်းတံတား ဖွင့်ပွဲအခမ်းအနားကို မတ် ၉ ရက် နံနက်ပိုင်းက တံတားတည်ရှိရာ မိုင်တိုင်အမှတ် (၁၂၇/၀)၌ ကျင်းပရာ အခမ်းအနားတွင် ဘောလခဲတပ်နယ်မှ ဗိုလ်မှူးကြီးအေးချို၊ ဘောလခဲခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ဝင်းရွှေနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း (ကယားပြည်နယ်)ခေတ္တအင်ဂျင်နီယာမှူးကြီး ဦးမြင့်သိန်းတို့က တံတားကိုဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ (အပေါ်ပုံ)

ဆက်လက်၍ ဘောလခဲတပ်နယ်မှ ဗိုလ်မှူးကြီးအေးချိုက ထူးချောင်းတံတား ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တာဝန်ရှိသူများနှင့်အတူ တံတားကြီးပေါ်မှ ဖြတ်သန်းကြည့်ရှုသည်။

ထူးချောင်းတံတား အမျိုးအစားမှာ အပေါ်ထည် (R.P.T) သံပေါင်နှင့် သံကူကွန်ကရစ်၊ အောက်ထည် သံကူကွန်ကရစ်၊ သံကူကွန်ကရစ် ရေတွင်းခွေ အုတ်မြစ်တို့ဖြင့် တည်ဆောက်ထားပြီး စုစုပေါင်း တံတားအရှည် ၂၂၈ပေ၊ ယာဉ်သွားလမ်း အကျယ် ၂၄ပေ၊ လူသွားလမ်း တစ်ဖက်လျှင် သုံးပေစီရှိပြီး ခွင့်ပြုယာဉ်အလေးချိန်မှာ ၃၆ တန် ဖြစ်သည်။

ဖွံ့ဖြိုးတိုးတက်

ယခုဖွင့်လှစ်သည့် ထူးချောင်းတံတားသည် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူတည်ဆောက်ပေးခဲ့သည့် ပေ ၁၈၀နှင့်အထက် တံတားအစင်း (၂၆၀) မြောက်ဖြစ်ပြီး တံတားဖွင့်လှစ်ပေးလိုက်သည့်အတွက် ကယားပြည်နယ် ဒေသခံပြည်သူများ အနေဖြင့် စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး၊ ပညာရေးနှင့် ကျန်းမာရေးတို့ အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က လင်းလွန်းပင်-ပေစိကျွန်း ကျေးလက်လမ်းပေါ်ရှိ ထန်းပင်ချောင်း-အင်းချောင်းကျေးလက်တံတားတည်ဆောက်ပြီးစီးမှုကို ဖေဖော်ဝါရီ ၂၇ ရက်က အမှုဆောင်အရာရှိ ဦးညွန့်ဝင်း ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

အမက (၁၀) မြောက်ဥက္ကလာပ မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ရန်ကုန် မတ် ၁၂

၁၉၆၂ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ အမက(၁၀)မြောက်ဥက္ကလာပ ကျောင်းတွင် ပညာသင်ကြားပို့ချခဲ့ကြသည့် သက်ပြည့်အငြိမ်းစား ဆရာ ဆရာမများအား ပထမအကြိမ် အာစရိယပူဇော်ပွဲကို မတ် ၂၇ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် မြောက်ဥက္ကလာပမြို့နယ် (ဆ)ရပ်ကွက်ရှိ အမက (၁၀) အင်ကြင်းဆောင်၌ ကျင်းပမည်ဖြစ်ရာ အငြိမ်းစား ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူဟောင်းများတက်ရောက်ကြရန်နှင့် ဦးအောင်မြင့်ကြည် ဖုန်း-၀၉-၅၁၅၇၈၆၁၊ ဦးဌေးဦး ဖုန်း-၀၉-၅၃၀၀၉၅၃၊ ဦးစိုင်းသီဟ ဖုန်း-၀၉-၅၁၆၈၄၉၄၊ ဦးအောင်ဌေးမြင့် ဖုန်း-၀၉-၅၁၂၄၆၃၅၊ ဒေါ်ခင်သန္တာအောင် ဖုန်း-၀၉-၇၃၀-၄၁၆၆၁၊ ဒေါ်မြမြသန်း ဖုန်း-၀၉-၇၃၀-၁၀၅၈၅၊ဒေါ်နွယ်နွယ်အေး ဖုန်း-၆၉၁၂၃၉၊ ဒေါ်တင်မာကြွယ် ဖုန်း-၆၉၉၇၁၃ တို့ထံသို့ ဆက်သွယ်လျှောက်ထားနိုင်ကြောင်း သိရှိရသည်။ (မြန်မာ့အလင်း)

ဖျာပုံမြို့နယ် အမာမြို့ ဝါးဆိုကုန်းကျေးရွာတွင် အုတ်စီသောက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်းအား အငယ်တန်းအင်ဂျင်နီယာ-၂ ဦးဇေယျာလင်းနှင့်အဖွဲ့ဆောင်ရွက်ခြင်းကို မတ် ၃ ရက်က မြို့တာဝန်ခံ ဒုတိယဦးစီးမှူး ဦးကျော်ကျော်နိုင် ကြီးကြပ်ဆောင်ရွက်စဉ်။ (ဝ၆၆)

ဖေဖော်ဝါရီလအတွင်း မူးယစ်ဆေးဝါးအမှုပေါင်း ၂၆၀ တရားခံ ၄၁၁ ဦး ဖမ်းဆီးရမိခဲ့

နေပြည်တော် မတ် ၁၂

၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလအတွင်း တာဝန်ရှိသူများက မူးယစ်ဆေးဝါးအမှုပေါင်း ၂၆၀ ဖမ်းဆီးနိုင်ခဲ့ပြီး ဘိန်း ၃၂ မှု (အလေးချိန် ၉၀ ဒသမ ၂၆၉၇ ကီလို)၊ ဘိန်းဖြူ ၈၉ မှု (အလေးချိန် ၁ ဒသမ ၁၂၆၃ ကီလို)၊ ဘိန်းဆီ ခုနစ်မှု (အလေးချိန် ၀ ဒသမ ၆၇၂၂ ကီလို)၊ အဆင့်နိမ့်ဘိန်း ၂၃ မှု (အလေးချိန် ၁၀ ဒသမ ၇၆၉ ကီလို)၊ ဆေးခြောက် ၂၆ မှု (အလေးချိန် ၆ ဒသမ ၈၂ ၇၂ ကီလို)၊ စိတ်ကြွရူးသွပ်ဆေးပြား ၆၄ မှု (၈၈၈၅၃ ပြား)၊ ဘိန်းစာမှုန့် ၁၃ မှု (အလေးချိန် ၁၀ ဒသမ ၀၈ကီလို)၊ဘိန်းရည် သုံးမှု (အလေးချိန် ၁ ဒသမ ၉၆၆ လစ်တာ)၊ အက်ဖီဒရင်း တစ်မှု (အလေးချိန် ၂၉ ကီလို)၊ ဗိုလမ် (၈ ဒသမ ၅ ပြား) ဖမ်းဆီးရမိခဲ့သည်။

အရေးယူ

၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလအတွင်း အမှုပေါင်း ၂၆၀ ဖမ်းဆီးခဲ့ရာတွင် တရားခံ ကျား ၃၄၁ ဦး၊ မ ၇၀ စုစုပေါင်း တရားခံ ၄၁၁ ဦးတို့အား ဥပဒေအရအရေးယူခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြန်မာ့အလင်းရုပ်ရှင်အမြည်း

ယခုအပတ်၌ နိုင်ငံခြား ဇာတ်ကားများရုံဝင်လာ

ရန်ကုန် မတ် ၁၂

ယခုအပတ် သောကြာ မတ် ၁၁ ရက်၌ ရန်ကုန်မြို့ရှိ ရှေ့ဆောင် ရုပ်ရှင်ရုံတွင် အက်ရှင်ဇာတ်ကားသစ် FASTER ရုံဝင်လာပြီး နေပြည်တော် ရုပ်ရှင်ရုံ၌လည်း HARRY POTTER AND THE DEATHLY HALLOWS:PART-1 ရုပ်ရှင်ဇာတ်ကားသစ်တစ်ပြိုင်တည်း ရုံဝင်လာသည်။

FASTER ဇာတ်ကား၌ ထောင်ကျပြီး ပြန်လွတ်မြောက်လာသူ တစ်ဦးက သေဆုံးခဲ့ရသောညီဖြစ်သူအတွက် ကလဲ့စားချေသည့်အနေဖြင့် သတ်ခဲ့သူများအား လိုက်လံရှာဖွေ သတ်ဖြတ်ခဲ့မှုများကို အသည်းတထိတ်ထိတ်ရင်တဖိုဖိုဖြစ်အောင် ရိုက်ကူးထားသည့် ဇာတ်ကားဖြစ်သည်။ သရုပ်ဆောင် Dwayne Johnson နှင့် Billy Bob Thornton တို့ အဓိကပါဝင်

ကိုလင်း (ရုပ်ရှင်သတင်းထောက်)

ထားပြီး ဒါရိုက်တာ George Tillman Jr က အစွမ်းပြရိုက်ကူးထားသည့်ဇာတ်ကားကောင်း ဖြစ်သည်။

ပြသလျက်ရှိ

နေပြည်တော်၌ ရုံဝင်လာသည့် HARRY POTTER AND THE DEATHLY HALLOWS: PART-1 ဇာတ်ကားမှာအက်ရှင်လည်းပါ၊ ဒဏ္ဍာရီလည်းဆန်သည့်ဇာတ်ကားဖြစ်သည်။ သူငယ်ချင်းသုံးဦးက အမှောင်လောကသားများကို ဖြိုခွင်းသည့် အက်ရှင်စွန့်စားခန်းများပါဝင်သဖြင့် ပရိသတ်အကြိုက်ပင် ဖြစ်သည်။ သမ္မတ၊ သွင်နှင့် မင်္ဂလာရုံတို့တွင် **ကြိုးကြာတောင်ပံခတ်သံ**ဇာတ်ကား ပြသလျက်ရှိကြောင်း ရုပ်ရှင်အမြည်းအဖြစ် ရေးသားလိုက်ရပါသည်။ **(မြန်မာ့အလင်း)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၃-၃-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
၅:၂၀	MRTV-4 သတင်း
၅:၅၀	**သွက္ကာတဂုဏ်နှင့်ပြည့်စုံသော ဓမ္မဝိနယ** တရားတော် (အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ နန္ဒမာလာဘိဝံသ)
၆:၅၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၄၁)
၇:၃၀	MRTV-4 သတင်း
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၅၈)
၈:၄၀	Yangon Lifestyle Furniture Fair 2011 ပြပွဲကြိုတင်ပြင်ဆင်ဆောင်ရွက်မှုများ
၈:၅၀	လွယ်ကူသက်သာစားစရာ မန်ကျည်းတော်ဖီနှင့် သံပရာအဆီ
၉:၀၀	လယ်တီသာသနာ လယ်တီကျောက်စာ
၉:၃၀	Sunday Talk မောင်လူမွေး (မြန်မာမှု)၊ မျိုးမြတ်သူ
၁၀:၀၅	မျှော်လင့်ခြင်းခရီးစဉ်ဖြစ်ရပ်မှန်(၄) (အဆုတ်ကင်ဆာ)
၁၀:၃၀	ဗီဒီယိုပြခန်း
၁၀:၅၀	ဈေးဝယ်လမ်းညွှန် (Prety FIT)
၁၁:၁၅	ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာချစ်တဲ့ ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၁၈)
၁၁:၄၀	မန္တလေးမြို့ Kose'ရဲ့ How to Care Your Skin Workshop
၁၁:၅၀	ရန်ကုန်မြင်ကွင်းကျယ် (သဃ်န်းကျွန်းမြို့နယ် ကျောင်းသား ကျောင်းသူဟောင်းများ၏ သတ္တမအကြိမ် အာစရိယပူဇော်ပွဲ)
၁၂:၀၅	အစွမ်းထက်မြက်… မြန်မာ့ဆေးစွမ်းတစ်လက်
၁၂:၃၀	ဘုရားသုံးဆူတောင်တော်မဟာမှ အေးရိပ်ဆာယာဘိုးဘွားရိပ်သာ
၁:၀၀	**သွက္ကာတဂုဏ်နှင့်ပြည့်စုံသော ဓမ္မဝိနယ** တရားတော် (အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ နန္ဒမာလာဘိဝံသ)
၂:၀၀	MRTV-4 သတင်း
၂:၂၀	စကားနပန်း **သည်းညည်းခံတာကောင်းတယ်၊ သည်းညည်းမခံတာကောင်းတယ်**
၃:၃၀	ကျန်းမာလှပသွယ်လှဖို့ SMART GIRL ကို သွားကြစို့
၃:၄၅	FIFA နှင့် Goal Project အပိုင်း (၁)
၄:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၅၈)
၄:၅၀	Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၅:၃၀	ဂဏန်းသင်္ချာပျော်စရာ အပိုင်း(၃)
၆:၀၀	MRTV-4 သတင်း
၆:၂၀	ရေသန့်ဆိုသည်မှာ
၆:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၄၂)
၇:၂၀	Jewellery Show of the Year (The Rich Gems)(Part -1)
၈:၀၀	MRTV-4 သတင်း
၈:၃၀	Kid's Show (ရွှေပြည်နန်းကလေးသရုပ်ဆောင်ပြိုင်ပွဲ)
၉:၀၅	ဟိုတယ်လမ်းညွှန် (Ocean Paradise Resort Ngwe Saung Beach)
၉:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (ဇာတ်သိမ်းပိုင်း)
၁၀:၁၀	သွားမယ်စားမယ် (Sen Viet)
၁၀:၃၀	SINGAPORE Sunday
၁၀:၅၀	ရလဒ်ကောင်းများနှင့် Organic
၁၁:၀၀	FA Cup (Man City Vs Reading)
၁:၀၀	**နတ်လူသာခုခေါ်စေသော်** ခေတ်သစ်၊ ဝိုင်းစုခိုင်သိန်း၊ သတိုးဇော (ဒါရိုက်တာ-သော်ကိုကိုကျော်)
၁:၂၀	ROဆိုတဲ့ KTM
၁:၄၅	Rainforest Homeland (အပိုင်း -၁)
၂:၁၅	ပါရမီတက္ကစီစွမ်းဆောင်အား ပြည်သူများအတွက်အလေးထား
၂:၃၀	နည်းပညာအစွမ်းထက် SOLARHUT
၂:၄၅	သက်တံရောင်ကမ္ဘာထဲက TOA Color World
၃:၀၅	လွန်းတင်သည့်ကြိုး
၃:၂၅	Smart Dictionary အကြောင်း သိကောင်းစရာ
၃:၄၀	ပတ္တမြားမြေသို့ အလည်တစ်ခေါက်
၄:၀၀	ကြည့်မြင်တိုင်မျက်မမြင်ကျောင်း၏ လေ့လာမှုနည်းပညာ
၄:၀၅	သာသနာတော်ထွန်းကား အလုတရားဖြာဝေ ထားဝယ်မြေ
၄:၄၀	ပူဇော်လှူဒါန်းကြာသက်နှင်း
၄:၄၅	ကန္တရဝတီ၏ယဉ်ကျေးမှု အမွေအနှစ်များစုဝေးရာဆီသို့
၅:၀၀	အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

FA CUP ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၈:၂၅	Stoke City- WestHam	STAR SPORTS (Live)
၁၀:၃၀	Man City -Reading	STAR SPORTS (Live)

အမည်ပြောင်း

ကျိုင်းတုံမြို့၊ ကျိုင်းကာရွာနေ ဦးနက်ကျော်၏သမီး မနန်းတစ် ၁၃/ကတန (နိုင်)၁၃၂၀၆၂ အား မနန်းဝမ်းတစ်ဟု ပြောင်းလဲခေါ်ပါရန်။ **မနန်းဝမ်းတစ်။**

ငွေနံ့သာ/ ရွှေနံ့သာမြေကွက်

ရောင်းလို၊ ဝယ်လိုလျှင် ဖုန်းဆက်ပါ။

ဖုန်း-၆၀၉၀၇၀၊ ၆၀၉၀၈၀။

အများသိစေရန်ကြေညာခြင်း

ဗန်းမော်ခရိုင်၊ရွှေကူမြို့၊အား/ကာ ဦးစီးဌာန၊ ဦးစီးအရာရှိ ဦးမြင့်သိန်း MMK-၀၈၇၈၅၈ ကိုင်ဆောင်သူမှ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်တော်ဦးမြင့်သိန်း(ဦးစီးအရာရှိ) ခရိုင် အား/ကာဦးစီးဌာန၊ ရွှေကူမြို့ MMK-၀၈၇၈၅၈နှင့် ဇနီး ဒေါ်အုန်းကြည်(ခ)ဒေါ်ခင်ဝင်း ၅/ကသန(နိုင်)၀၀၄၈၀၀တို့သည် နှစ်ဦးသဘောတူ လင်မယားကွာရှင်းပြတ်စဲခဲ့ပြီး ဖြစ်ပါသည်။

နောက်နောင် တစ်ဦးနှင့်တစ်ဦး ဝင်ရောက်စွက်ဖက်ခြင်းမပြုရန်၊ လူမှုရေးအရသော်လည်းကောင်း၊ အခြားကိစ္စအရပ်ရပ်တို့တွင် လုံးဝပတ်သက်ဆက်နွယ်မှုမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးမြင့်သိန်း (ဦးစီးအရာရှိ အား/ကာဦးစီးဌာန ရွှေကူမြို့။)

ညအိပ်ရာဝင်ချိန် မီးသတိပေး နှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးဖိုမီးကြွင်း မီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်။

(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်း လုံးဝ မပြုလုပ်ပါနှင့်။

(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်၊ လေထွက်ကောင်းမွန်စေရေး စီမံထားရှိရန်။



ယာဉ်မှတ်ပုံတင်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၂၀ယ/၁၀၉၂ Yarma YM 110 M/C ယာဉ်လက်ဝယ်ရှိသူ မြင်းကျား အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမ အသင်းလီမိတက်က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက် အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်။**

အများသိစေရန်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၆၊ လူနေရပ်ကွက်အမှတ်-သမိုင်း၊ မြေကွက်အမှတ် ၂၂/ခ၆၊ ဧရိယာ ၀ ဒသမ ၂၂၉ ဧကရှိဂရန်သက်ကုန်မြေကွက်၊ စွဲကပ်လျက်ရှိသော အကျိုးခံစားခွင့်များသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေဌာနမြို့မြေစာရင်းတွင် ဦးလွန်းဖေအမည်ဖြင့် မှတ်သားတည်ရှိပါသည်။ ဦးလွန်းဖေထံမှ အမွေဆက်ခံပိုင်ဆိုင်သူ၊ စွန့်လွှတ်စာချုပ် အရပိုင်ဆိုင်သူများထံမှ ဒေါ်ညိုညို ၁၂/မရက(နိုင်)၀၇၃၃၄၇က အရောင်းအဝယ်စာချုပ်အမှတ် ၁၃၃/၁၉၉၆နှင့် အမှားပြင်စာချုပ်အမှတ် ၁၈၆၃/၁၀အရ ပိုင်ဆိုင်လာပါသည်။ ဒေါ်ညိုညိုထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန်စရန်ငွေပေးချေထားပါသည်။ အကျိုးသက်ဆိုင်ခွင့်ရှိသူများသည် ခုနစ်ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါသည်။

ဦးစိန်ရီ B.Sc, D.A,R.L, LCCI (London) တရားရုံးချုပ်ရှေ့နေ (၃၀၃၆) အမှတ် ၂၂၊ ဌာနာလမ်း၊ အလုံမြို့နယ်၊ ဖုန်း-၀၉-၅၀၃၀၃၇၄၊ ၂၂၃၉၅၆။



အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ကမ္ဘဌာန်းလမ်း၊ အမှတ် ၆၈၈(မြေညီ)၊ ခေါင်းရင်း၊ အလျားပေ၅၀×အနံ ၁၅ပေ၊ မြေပိုင်ရှင်သီးသန့် ပိုင်ဆိုင်သော ဦးဝင်းနိုင် ၁၂/တမန(နိုင်)၀၈၄၁၄၁ ထံမှ ကျွန်မအပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းများနှင့်တကွ ကျွန်မထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မအေးမာလာမြင့်

အမှတ် ၁၄၊ ငါးလွှာ၊ တာမွေ၊ ဗိုလ်မှူးအောင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၃၉၇၀၄။

Dump Truck ကားရောင်းမည်

Hino Ranger 4 C (Ho7c) (88) (၃ခ/...)

ကျိုက်ထီးရိုးတောင်တက်ကား၊ တိုက်/မှောက်မရှိ၊ အင်ဂျင်ကိုင်ပြီးကားသန့်၊ ညှိနှိုင်းဈေး၊ ပွဲစားမလို။

ဖုန်း-၀၅၇-၆၀၀၆၃၊ ၀၉-၄၉၈၁၈၁၅၅။

အမွေပြတ်စွန့်လွှတ်ခြင်း

လားရှိုးမြို့၊ (၆)ရပ်ကွက်၊ နယ်မြေ ၇၊ အိမ်အမှတ် ၈/၇/၂၇ တွင် နေထိုင်သော ဦးစိုင်းဟုန်ရီ၏သမီး၊ ကျွန်တော်ဦးစိုင်းဇော်ဦး ၁၃/လရန(နိုင်)၀၀၆၂၁၄၏ညီမ မဒွေးနီ၁၃/လရန(နိုင်)၀၀၆၂၁၅ သည် အစ်ကိုဖြစ်သူ၏ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ ကိုယ့်သဘောနှင့်ကိုယ် နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ ညီမအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။) **ဦးစိုင်းဇော်ဦး။**

အများသိစေရန်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဌာနာရပ်ကွက်၊ နှင်းဆီလမ်း၊ အမှတ်(၇၅/ဘီ)၊ ခုနစ်လွှာတိုက်ခန်းအား ရောင်းချပိုင်ခွင့်ရှိသူ ဦးငွေလင်း ၈/နမန(နိုင်)၁၁၁၉၄၇ထံမှ ဝယ်ယူရန် ရောင်းကြေးငွေတချို့ကို ကျွန်ုပ်မိတ်ဆွေက ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက သက်ဆိုင်ရာစာချုပ်စာတမ်းများယူဆောင်၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အဆိုပါတိုက်ခန်းအား ဆက်လက်ဝယ်ယူသွားပါမည်။

ညွှန်ကြားချက်အရ -

ဦးအောင်နိုင်(LL.B, D.B.L, D.I.L)

တရားရုံးချုပ်ရှေ့နေ(စဉ်-၇၈၂၆)

အမှတ် ၅၀၊ ပထမထပ်၊ အခန်း(D-2)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၀၄၈၁၅၈။

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်

အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားမရုံးတော်၌

၂၀၀၇ခုနှစ်၊ တရားမကြီးမှုအမှတ်-၆၄၄ နှင့်ဆက်သွယ်သည့်

၂၀၁၀ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁၇၉

ဒေါ်သန်းနှစ် **နှင့်** ၁။ ဦးလှတင်

၂။ ဒေါ်ရူပါလှတင်

၃။ ဒေါ်နီလာလှတင်

၄။ ဒေါ်ကြည်ပြာလှတင်

ဒီကရီအနိုင်ရသူ **တရားရှုံးများ**

ဦးလှတင်၊ အမှတ် (၅၂)၊ လေးလွှာ(ဘယ်ဘက်ခန်း)၊ လမ်း ၉၀၊ ကန်/နောက် ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၀၇ခုနှစ် တရားမကြီးမှုအမှတ်-၆၄၄တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်သန်းနှစ်ကလျှောက်ထားလာသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုနိုင်ရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၁ခုနှစ် မတ် ၂၈ရက် (၁၃၇၂ခုနှစ် တပေါင်းလပြည့်ကျော် ၉ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၁ခုနှစ် မတ် ၈ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။ **အောင်ဝင်း (တ/၂၂၈၅)**

ဒုတိယခရိုင်တရားသူကြီး(၂)၊ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး။

ကြီးကြပ် ဆောင်ရွက်

ပြင်ဦးလွင်မြို့နယ် သင်္ဂတုံ-ကျိုင်းတောင်း-ဟိုလိပ်-ဘန်းသာ-ပြင်ကြီး ကျေးလက်ကျောက်ချော လမ်းခင်းခြင်းကို မတ် ၅ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်ဝင်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်စာစောင်များလှူဒါန်း

ဖြူး မတ် ၁၁

ဖြူးမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ သုတ ရသ စာအုပ်စာစောင်များလှူဒါန်းပွဲကို မတ် ၄ရက် နံနက် ၁၀နာရီက မြို့နယ်ရုံးခန်းမ၌ကျင်းပရာ ဖြူးမြို့ ထန်းကုန်းလမ်းနေ ဦးလှဘော်-ဒေါ်ဒေါ်အေးအားရည်စူး၍ သမီးဖြစ်သူ ဒေါ်တင်မာအေး (တရားရုံးချုပ်ရှေ့နေကြီး)က မြို့နယ်အတွင်းရှိ ကျေးရွာစာကြည့်တိုက်များအတွက် သုတ ရသ စာအုပ်စာစောင် မျိုးစုံ ၆၀၉ အုပ်ကို ပေးအပ်လှူဒါန်းသဖြင့် မြို့နယ်ဦးစီးမှူး ဦးကျော်စိုးက လက်ခံယူခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် ကန်ကြီးတန်းလမ်းကတ္တရာ လမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁ ရက်က ကျင်းပရာ လမ်းသစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒေါ်နွယ်နီဦး၊ ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးသိန်းဇော်နှင့်အမှုဆောင်အရာရှိ ဦးသန့်ဇင်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ်စည်ပင်)

အုတ်စီသောက်ရေတွင်းတူးဖော်

ဖျာပုံမြို့နယ် အမာမြို့ မြို့မ (၁)ရပ်ကွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အုတ်စီသောက်ရေတွင်းတူးဖော်ပေးခြင်းလုပ်ငန်းအား အငယ်တန်း အင်ဂျင်နီယာ(၂) ဦးဇေယျာလင်းနှင့်အဖွဲ့ ဆောင်ရွက်နေခြင်းကို မတ် ၃ ရက်က တာဝန်ခံဒုတိယဦးစီးမှူး ဦးကျော်ကျော်နိုင် ကြီးကြပ်ဆောင်ရွက်စဉ်။

(ဝ၆၆)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

အင်အားပြင်းငလျင်ဒဏ်ကြောင့် ဂျပန်နိုင်ငံ တိုကျိုမြို့အနီးရှိ ဖူကူရှီးမား အမှတ်(၁) နျူကလီးယားစက်ရုံ မီးလောင်နေသည်ကို မတ် ၁၂ ရက်၌ ဤသို့ တွေ့ရသည်။ (ဓာတ်ပုံအင်တာနက်)

ဂျပန်ငလျင် သေဆုံးသူ ၁၃၀၀ ကျော်ရှိလာ ကမ်းရိုးတန်းတစ်လျှောက်မြို့များ ဆူနာမိကြောင့် ပျက်စီး

မောင်မောင်မြင့်ဆွေ ရေးသားသည်

တိုကျို မတ် ၁၂

ဂျပန်နိုင်ငံ ဆန်ဒိုင်းမြို့အနီး ရစ်ချ်တာစကေး ၈ ဒသမ ၉ ရှိ အင်အားပြင်းငလျင်လှုပ်ခဲ့သည့်အတွက် မတ် ၁၂ ရက်အထိ သေဆုံးသူဦးရေမှာ ၁၃၀၀ ကျော်ရှိပြီး ၈၀၀၀၀ ခန့် ပျောက်ဆုံးနေဆဲဖြစ်ရာ သေဆုံးသူဦးရေ တိုးမြင့်လာနိုင်ကြောင်း ဂျပန်အစိုးရတာဝန်ရှိသူများက ပြောကြားခဲ့သည်။

လူဦးရေ ၇၀၀၀၀ ခန့် နေထိုင်သော ကမ်းခြေမြို့ ကီဆန်နူမာတွင် ငလျင်ဒဏ်ကြောင့် နေရာပေါင်းများစွာတွင် မီးလောင်မှုများ ဖြစ်ပေါ်နေဆဲဖြစ်ပြီး ဆူနာမီရိုက်ခတ်မှုကြောင့် ခရီးသည် ၁၀၀ ခန့် တင်ဆောင်ထားသည့် သင်္ဘောတစ်စင်းမှာ *စာမျက်နှာ ၉ ကော်လံ ၃* ◆

မိုးရွာသွန်းမှု ၁၂-၃-၂၀၁၁

ညောင်လေးပင်မြို့	၁ ဒသမ	၄၂ လက်မ
မအူပင်မြို့	၁ ဒသမ	၀၂ လက်မ
မြိတ်မြို့	၀ ဒသမ	၇၅ လက်မ
ကော့ကရိတ်မြို့	၀ ဒသမ	၇၁ လက်မ
ကိုကိုးကျွန်းမြို့	၀ ဒသမ	၅၅ လက်မ
ပဲခူးမြို့	၀ ဒသမ	၄၃ လက်မ
ခရမ်းမြို့	၀ ဒသမ	၄၃ လက်မ
ရန်ကုန်(ကမ္ဘာအေး)	၀ ဒသမ	၄၉ လက်မ
ဇလွန်မြို့	၀ ဒသမ	၃၉ လက်မ

မီးဖို မီးကြွင်း မီးကျန် သတိပြုရန် နှိုးဆော်ချက်

- ❑ သင့်ရဲ့အိမ်မှာ မီးဖို မီးကြွင်းမီးကျန်မှုတစ်ဆင့် မီးလောင်မှုများ ဖြစ်ပွားတတ်သဖြင့် မီးဖိုများ သုံးစွဲပြီးပါက မီးငြိမ်းသတ်ခြင်းကို မမေ့မလျော့ဘဲ ပြုလုပ်ရန်။
- ❑ သင့်မိသားစုဝင်အားလုံး အပြင်သွားမည်ဆိုပါက သုံးစွဲနေသော လျှပ်စစ်ပစ္စည်းများရှိပါက မီးကိုပိတ်၊ ပလပ်ကိုဖြုတ်၊ မိန်းခလုတ် (Main Switch) တို့ကို ချထားပြီးမှ အပြင်သို့ ထွက်သွားခြင်းအား သတိထားပြီး အလေ့အကျင့် ပြုလုပ်ပါ။
- ❑ မီးဖို မီးကြွင်း မီးကျန်များကို မေ့လျော့ပေါ့ဆစွာ မငြိမ်းသတ်ထားခြင်းနှင့် အိမ်တွင် လူစောင့်မထားဘဲ တစ်အိမ်လုံး အပြင်သို့သွားစဉ် မီးအားမြှင့်စက်နှင့် မိန်းခလုတ်တို့အား ချမထားခြင်းတို့ကြောင့် မီးလောင်မှုများ ဖြစ်ပွားတတ်သည်ကို အသိတရားဖြင့် သတိထားရန်။

မီးသတ်ဦးစီးဌာန။

13-3 (20).pmd 1 3/13/2011, 1:58 AM